ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

The Government of the Republic of the Union of Myanmar
Ministry of Education

# အခြေခံပညာအဆင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ

# National Assessment Policy for Basic Education (NAP)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

Department of Myanmar Examinations

ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးထောက်ပံ့မှု –
**“မြန်မာနိုင်ငံအတွင်း ပညာရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု
အရည်အသွေးအခြေခံများ မြှင့်တင်ရေးအစီအစဉ်”** ဖြင့် အခမဲ့ဖြန့်ဝေသည်။

This publication is supported under the European Union Budget Support Programme,

**‘Enhancing the education and skills base in Myanmar’**

ပထမအကြိမ်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

1st Edition
September, 2019

# Development of the National Assessment Policy for Basic Education (NAP)

November 2017- Following discussion by the Curriculum and Assessment Subsector Working Group (C&A SSWG), development of the National Assessment Policy for Basic Education (NAP) was initiated by a working group consisting of officials from the Department of Myanmar Examinations (DME), Department of Education Research, Planning and Training (DERPT), and Department of Basic Education (DBE), a member of the National Education Policy Commission (NEPC), and education experts from (in alphabetical order) the Asian Development Bank (ADB), UK Department for International Development (DFID), European Union (EU), Equipping Youth for Employment Project (EYE), Japan International Cooperation Agency (JICA), Project for Curriculum Reform at Primary Level of Basic Education in Myanmar (CREATE), United Nations Educational, Scientific and Cultural Organization (UNESCO), and United Nations Children's Fund (UNICEF).

2 February 2018- DME presented an initial **zero draft** to the C&A SSWG, which provided supportive suggestions.

5 July 2018- DME presented a revised draft NAP to and received valuable comments from education officers from States and Regions during a workshop held at the Ministry of Education (MOE) Office No. 13 in Nay Pyi Taw as part of the **EYE Inception Mission**.

# အခြေခံပညာအဆင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒ (NAP) ပြုစုခဲ့မှု မှတ်တမ်း

၂၀၁၇ ခုနှစ် နိုဝင်ဘာလ– သင်ရိုးညွှန်းတမ်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍခွဲလုပ်ငန်းအဖွဲ့ (C&A SSWG) အစည်းအဝေးတွင် ဆွေးနွေးကြပြီးနောက် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့မှ အရာရှိများ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင်နှင့် (အင်္ဂလိပ်ဘာသာ အက္ခရာစဉ်ဖြင့်) အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဗြိတိန် နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန (DFID)၊ ဥရောပသမဂ္ဂ (EU)၊ လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများအတွက် အသင့်ပြင်ဆင်ပေးရေး စီမံကိန်း (EYE)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး စီမံချက် (CREATE)၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ ပညာရေးကျွမ်းကျင်သူများ ပါဝင်သော လုပ်ငန်းအဖွဲ့က ဤမူဝါဒ (NAP) ကို စတင်ပြုစုခဲ့ကြပါသည်။

(၂–၂–၂၀၁၈) ရက်– မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် C&A SSWG အား မူဝါဒ **"မူကြမ်း (၀)"**ကို ရှင်းလင်းတင်ပြခဲ့ပြီး C&A SSWG က ကောင်းမွန်သော ဝေဖန်အကြံပြုချက်များ ပေးခဲ့ပါသည်။

(၅–၇–၂၀၁၈) ရက်– ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်၌ ကျင်းပသည့် **EYE စီမံကိန်းအစပိုင်း ဆွေးနွေးပွဲ**၏ အစီအစဉ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပညာရေးမှူးများအား တည်းဖြတ်ထားသော မူဝါဒ(မူကြမ်း)ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပညာရေးမှူးများ၏ ဆွေးနွေးအကြံပြုချက်များ ရရှိခဲ့ပါသည်။

23 May 2019- At the **"Consultation Workshop on the National Assessment Policy for Basic Education"**, held at the Department of Basic Education in Nay Pyi Taw, DME presented a revised draft NAP and sought comments from a total of over 200 participants from states and regions, private and monastic education schools, the Myanmar Teachers' Federation (MTF), and development partners, who provided valuable suggestions.

14 June 2019- DME presented the **main points of the NAP (draft) and suggestions from the Consultation Workshop** to members of National Education Policy Commission (NEPC), National Curriculum Committee (NCC), and National Accreditation and Quality Assurance Committee (NAQAC) at the NEPC Office. The draft NAP was revised to incorporate valuable advice and comments during that meeting and subsequent written suggestions sent by NEPC.

15 July 2019- The NAP was finalized in accordance with the guidance provided by the NEPC members at the NEPC Office.

(၂၃-၅-၂၀၁၉) ရက်- အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၌ ကျင်းပသည့် **"အခြေခံပညာအဆင့် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒ (မူကြမ်း) နှီးနှောဖလှယ်ပွဲ"** တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ကျောင်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများ အဖွဲ့ချုပ်၊ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၀၀)ကျော်အား ပြင်ဆင်တည်းဖြတ်ထားသော မူဝါဒ(မူကြမ်း)ကို ရှင်းလင်းတင်ပြခဲ့ပြီး ထိရောက်သော ဆွေးနွေးအကြံပြုချက်များ ရရှိခဲ့ပါသည်။

(၁၄-၆-၂၀၁၉) ရက်- မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များအား **မူဝါဒ(မူကြမ်း)ပါ အဓိက အချက်အလက်များနှင့် နှီးနှောဖလှယ်ပွဲမှ ဆွေးနွေးအကြံပြုချက်များ**ကို အမျိုးသားပညာရေး မူဝါဒကော်မရှင်ရုံးတွင် ကျင်းပသော အစည်းအဝေးတွင် ရှင်းလင်းတင်ပြခဲ့ပါသည်။ အစည်းအဝေးမှ ရရှိခဲ့သော အဖိုးတန်လမ်းညွှန်ချက်များနှင့် နောက်ပိုင်းတွင် ကော်မရှင်မှ စာဖြင့် ပေးပို့ခဲ့သော အသေးစိတ် အကြံပြုချက်များကို ပေါင်းစပ်၍ မူဝါဒ(မူကြမ်း)ကို ပြင်ဆင်ခဲ့ပါသည်။

(၁၅-၇-၂၀၁၉) ရက်- မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် အမျိုးသားပညာရေး မူဝါဒကော်မရှင်ရုံးတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များ၏ လမ်းညွှန်မှုခံယူကာ မူဝါဒ (မူကြမ်း)ကို အချောသပ် ပြင်ဆင်တည်းဖြတ်ခဲ့ပါသည်။

# CONTENT


1. SCOPE OF THE POLICY 01
2. VISION OF THE NAP 05
3. OBJECTIVES FOR ASSESSMENT OF BASIC EDUCATION 06
4. KEY DEFINITIONS 07
5. BASIC PRINCIPLES OF ASSESSMENT 09
6. THE FOUR PILLARS OF BASIC EDUCATION STUDENT ASSESSMENT 12
7. ORGANISATIONAL STRUCTURE OF THE NATIONAL ASSESSMENT SYSTEM 28
8. GUIDANCE FOR PERIODIC REVIEWS OF THE ASSESSMENT SYSTEM 31

Annex- A: Definitions of the Terms 32

မာတိကာ


| | | |
|---|---|---|
| ၁။ | မူဝါဒ (NAP) ၏ နယ်ပယ်အကျယ်အဝန်း (Scope) | ၀၁ |
| ၂။ | မူဝါဒ (NAP) ၏ ရည်မှန်းချက် (Vision) | ၀၅ |
| ၃။ | အခြေခံပညာအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ရည်ရွယ်ချက်များ (Objectives for Assessment of Basic Education) | ၀၆ |
| ၄။ | အဓိက အဓိပ္ပာယ်သတ်မှတ်ချက်များ (Key Definitions) | ၀၇ |
| ၅။ | စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံမူများ (Basic Principles of Assessment) | ၀၉ |
| ၆။ | အခြေခံပညာအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၏ ကဏ္ဍလေးရပ် (The Four Pillars of Basic Education Student Assessment) | ၁၂ |
| ၇။ | အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းစနစ်၏ ဖွဲ့စည်းဆောင်ရွက်ပုံ (Organisational Structure of the National Assessment System) | ၂၈ |
| ၈။ | စစ်ဆေးအကဲဖြတ်ခြင်းစနစ်ကို ပုံမှန်လေ့လာသုံးသပ်ရေး လမ်းညွှန်ချက် (Guidance for Periodic Reviews of the Assessment System) | ၃၁ |
| | ပူးတွဲ– က အဓိပ္ပာယ်သတ်မှတ်ချက်များ | ၃၂ |
| | ပူးတွဲ– ခ ဝေါဟာရစာရင်း | i |

# NATIONAL ASSESSMENT POLICY FOR BASIC EDUCTION (NAP)

## 1. SCOPE OF THE POLICY

This Policy provides a basis for assessment of kindergarten, primary, middle, and high school students in all public schools, as well as in recognised private, monastic, and non-state/non-government schools that implement the Basic Education curriculum.[1] As the top tier of framework for Basic Education assessment, the NAP lays out a policy basis for specific implementation guidelines and instruments for the conduct of the four pillars of assessment prescribed in the National Education Strategic Plan (NESP 2016),

[1]Non-state/non-government schools include community-based schools, schools funded by non-governmental organizations and schools managed under ethnic education systems.


# အခြေခံပညာအဆင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ

## ၁။ မူဝါဒ (NAP) ၏ နယ်ပယ် အကျယ်အဝန်း (Scope)

ဤမူဝါဒသည် အစိုးရကျောင်းများ အားလုံးနှင့် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်သည့် အစိုးရအသိအမှတ်ပြု ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ အစိုးရကျောင်းမဟုတ်သောကျောင်းများအားလုံးရှိ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများ၏ ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းအတွက် မူဝါဒအခြေခံချမှတ်ပေးမည်။[၁] အခြေခံပညာအဆင့် စစ်ဆေးအကဲဖြတ်ခြင်း မူဘောင်၏ထိပ်ဆုံးအလွှာဖြစ်သည့် ဤမူဝါဒ(NAP)သည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP၊ ၂၀၁၆)တွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းကဏ္ဍ (pillar) လေးရပ်အတွက် လိုအပ်သော လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) နှင့် နည်းလမ်းများရေးဆွဲရန် မူဝါဒအခြေခံ ချမှတ်ပေးမည်။

[၁]အစိုးရကျောင်း မဟုတ်သော ကျောင်းများတွင် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက တည်ထောင်ထားသော ကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ရန်ပုံငွေပံ့ပိုးပေးသော ကျောင်းများနှင့် ရပ်ရွာအခြေပြု ကျောင်းများပါဝင်သည်။

# 3–Tier Framework for Policy & Operationalization of Basic Education Student Assessment Reforms (Kindergarten through High School)





Tier I (Policy): A unified overarching policy for basic education student assessment

Tier 2 (Guidelines): One or more guidelines (split by subsector or level if needed) to operationalize the policy directions set in the NAP

Tier 3 (Tools/Instruments): More flexible & evolving array of elements (e.g., item banks, etc.) likely to be specific by subsector/level & even by grade

# အခြေခံပညာအဆင့် ပညာရေးစစ်ဆေးအကဲဖြတ်ခြင်း ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်မှုအတွက် အလွှာ ၃လွှာပါရှိသော မူဘောင် (သူငယ်တန်းမှ အထက်တန်း)




**အလွှာ-၁ (မူဝါဒ)** အခြေခံပညာအဆင့် ပညာရေးစစ်ဆေးအကဲဖြတ်ခြင်းအတွက် ဆက်စပ်လွှမ်းခြုံပေါင်းစည်းထားသော မူဝါဒ

**အလွှာ-၂ (လုပ်ငန်းလမ်းညွှန်ချက်များ)** မူဝါဒတွင်ပါရှိသောညွှန်ကြားချက်များကို လက်တွေ့လုပ်ဆောင်ရန် လုပ်ငန်းလမ်းညွှန်ချက်များ (လိုအပ်ပါက ၎င်းတို့ကို အဆင့်အလိုက် ပြုစုမည်။)

**အလွှာ-၃ (နမူနာမေးခွန်းများ)** အဆင့်အလိုက်(သို့) အတန်းအလိုက် ပိုမိုပြုပြင်ပြောင်းလဲလွယ်သည့် အကြောင်းအရာအမျိုးမျိုး (ဥပမာ- မေးခွန်းဘဏ် စသည်)

which are:


(i) **Classroom-Level Assessment** (formative assessment by teachers),

(ii) **School-Based Assessment** for all grades (including formative assessment and summative assessment),

(iii) **Primary, Middle and High School Completion Assessment** (agreed measures of student achievement for primary, middle, and high school levels), and

(iv) **Sample-Based Learning Assessments** (such as Early Grade Reading Assessment (EGRA), Early Grade Mathematics Assessment (EGMA) and Southeast Asia Primary Learning Metrics (SEA-PLM)).

## The Four Pillars of Assessment



ယင်းကဏ္ဍလေးရပ်မှာ–


(၁) **အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း** (Classroom-Level Assessment) (ဆိုလိုသည်မှာဆရာများကပြုလုပ်ရမည့်သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း)၊

(၂) အတန်းအဆင့်အားလုံးအတွက် **ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း** (School-Based Assessment) (သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းတို့ ပါဝင်သည်)၊

(၃) **မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေး အကဲဖြတ်ခြင်း** (Primary, Middle and High School Completion Assessment) (မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် အသီးသီး အတွက် ကျောင်းသားများ၏ တတ်မြောက်မှုနှင့် ကိုက်ညီသော စစ်ဆေး တိုင်းတာမှုများ)၊

(၄) **နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများ** (Sample-Based Learning Assessments) ဥပမာ– "မူလတန်းအောက်ဆင့် ကလေးများ၏ စာဖတ်စွမ်းရည်/ သင်္ချာစွမ်းရည်ကို လေ့လာခြင်း (EGRA/EGMA)"နှင့် "အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာ စစ်ဆေးရေးစံ (SEA-PLM)" တို့ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်းကဏ္ဍ (၄) ရပ်



This NAP focuses on assessment of student learning within the basic education curriculum. It **does not cover** assessment of students within alternative education though it may be relevant for development of policies and approaches for equivalency and transition from one system to another. Primary and middle school completion assessments under the alternative education equivalency programmes will be subject to separate policy guidelines.

This NAP also does not cover examinations or other forms of assessment for the purpose of entrance into post-secondary education and training, which will be subject to policies for higher education and/or Technical and Vocational Education and Training (TVET).

The completion assessment at the end of Grade 12 will be designed to address mastery of high school curriculum though results can be considered as one criterion for selection into employment, post-secondary TVET, and/or higher education institutions.

ဤမူဝါဒ (NAP) သည် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအတွင်း ကျောင်းသားများ၏ သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းကို အဓိကထားသည်။ ဤမူဝါဒ (NAP)သည် စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ကူးပြောင်းခြင်း၊ တန်းညှိခြင်း တို့အတွက် မူဝါဒနှင့် ချဉ်းကပ်နည်းများကို ရေးသားပြုစုရာတွင် ဆီလျော်ကောင်း ဆီလျော်မည် ဖြစ်သော်လည်း ကျောင်းပြင်ပ ပညာရေးမှ ကျောင်းသားများ၏ စစ်ဆေးအကဲဖြတ်ခြင်းကို **လွှမ်းခြုံမှု မရှိပါ**။ ကျောင်းပြင်ပ ပညာရေး၏ တန်းညှိအစီအစဉ်များဖြင့် မူလတန်းနှင့် အလယ်တန်း ပြီးမြောက်မှု စစ်ဆေး အကဲဖြတ်ခြင်းများကို သီးခြားမူဝါဒလမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ရန် ဖြစ်သည်။

ဤမူဝါဒ (NAP) သည် အထက်တန်းလွန် ပညာရေးနှင့် သင်တန်းများ ဝင်ခွင့် အတွက် ရည်ရွယ်ပြုလုပ်သော စာမေးပွဲများ သို့မဟုတ် အခြားစစ်ဆေး အကဲဖြတ် ခြင်း ပုံစံများကိုလည်း လွှမ်းခြုံမှု မရှိပါ။ အထက်တန်းလွန် ပညာရေးနှင့် သင်တန်း များအတွက် ဝင်ခွင့်စာမေးပွဲ သို့မဟုတ် အခြားစစ်ဆေးအကဲဖြတ်ခြင်း ပုံစံများ သည် အဆင့်မြင့်ပညာ သို့မဟုတ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (TVET) ကျောင်းများ သို့မဟုတ် နှစ်ခုစလုံးနှင့် သက်ဆိုင်သော မူဝါဒများအပေါ် မူတည်သည်။

ဒွာဒသမတန်းနှစ်ဆုံးတွင် ကျင်းပသည့် အခြေခံပညာ အထက်တန်းအဆင့် ပြီး မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို အခြေခံပညာ အထက်တန်းအဆင့် သင်ရိုး ညွှန်းတမ်း ကျွမ်းကျင်ပိုင်နိုင်မှုအပေါ် အဓိကထား စီစဉ်ရမည်ဖြစ်သည်။ သို့ရာတွင် ဒွာဒသမတန်း ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော ရလဒ်များကို အလုပ်ခန့်ထားရေးအတွက်လည်းကောင်း၊ အခြေခံပညာ အထက်တန်းလွန် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (TVET) ကျောင်းများ သို့မဟုတ် တက္ကသိုလ်၊ ကောလိပ်များသို့ ဝင်ခွင့်အတွက်လည်းကောင်း ရွေးချယ်ရေးစံ တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## 2. VISION OF THE NAP

The policy will support teachers and education managers

to implement a quality assessment system

to facilitate and improve student learning achievement

in accordance with the basic education curriculum.

## ၂။ မူဝါဒ (NAP) ၏ ရည်မှန်းချက် (Vision)

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့်အညီ
ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို ပံ့ပိုးပေးပြီး
တိုးတက်ကောင်းမွန်စေမည့်
အရည်အသွေးရှိသော စစ်ဆေးအကဲဖြတ်သည့်စနစ်ကို
အကောင်အထည်ဖော်ရန်
ဤမူဝါဒ(NAP)သည် ဆရာများနှင့် ပညာရေး စီမံခန့်ခွဲသူများအား
အထောက်အကူပြုမည်။

# 3. OBJECTIVES FOR ASSESSMENT OF BASIC EDUCATION

(i) To support and sustain the introduction of a modern and effective system in which student assessment is used to make decisions on learning based on evidence

(ii) To develop a more balanced system that assesses student learning progress against national learning standards

(iii) To make accountability possible for all who have responsibility in students' learning through tracking changes in learning progress and identifying areas that require improvement

(iv) To facilitate student learning and provide feedback to the teacher to improve the process of teaching and learning

(v) To enable students to demonstrate their achievements through the qualifications they gain as a result of assessments

(vi) To improve the inclusiveness and equity of the education system

(vii) To contribute to broader education sector reforms including improving the quality of the basic education curriculum and teacher education

# ၃။ အခြေခံပညာအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ရည်ရွယ်ချက်များ

## (Objectives for Assessment of Basic Education)

(၁) အထောက်အထား အခြေပြု သင်ယူမှုကို ဆုံးဖြတ်သည့် ခေတ်မီထိရောက်သောပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ် စတင်အသုံးပြုခြင်းကို အထောက်အကူပြုရန်နှင့် ရေရှည်တည်တံ့စေရန်

(၂) နိုင်ငံတော်ကချမှတ်ထားသော သင်ယူမှုစံသတ်မှတ်ချက်များအပေါ် မူတည်၍ ကျောင်းသား၏ သင်ယူမှုတိုးတက်ခြင်းကို ပိုမိုဟန်ချက်ညီစွာ စစ်ဆေးအကဲဖြတ်သည့်စနစ် ပေါ်ပေါက်ရန်

(၃) သင်ယူမှု တိုးတက်ပြောင်းလဲသွားပုံများကို စိစစ်ခြင်းနှင့် တိုးတက်ရန် လိုအပ်သည့် နယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ခြင်းမှတစ်ဆင့် ကျောင်းသားများ၏ သင်ယူမှုအတွက် တာဝန်ရှိသူအားလုံးတွင် တာဝန်ခံနိုင်မှုရှိရန်

(၄) သင်ကြား-သင်ယူမှုဖြစ်စဉ် တိုးတက်ကောင်းမွန်စေရေးအတွက် ကျောင်းသား၏သင်ယူမှုကို ပံ့ပိုးပေးပြီး ဆရာများအား တုံ့ပြန်အကြံပြုချက် (feedback) ပေးရန်

(၅) ကျောင်းသားများက စစ်ဆေးအကဲဖြတ်ခြင်းများ၏ ရလဒ်အဖြစ် ၎င်းတို့ရရှိသောပညာအရည်အချင်းများမှတစ်ဆင့် ၎င်းတို့၏တတ်မြောက်မှုများကို ပြသနိုင်ရန်

(၆) ပညာရေးစနစ်၏ လူတိုင်းအကျုံးဝင်မှုနှင့် သာတူညီမျှမှု တိုးတက်ကောင်းမွန်ရန်

(၇) အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ဆရာအတတ်ပညာရေးတို့၏ အရည်အသွေးတိုးတက်ရေးအပါအဝင် ပိုမိုကျယ်ပြန့်သည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးရန်

# 4. KEY DEFINITIONS

**Formative Assessment (Assessment for Learning)** involves teachers using a wide variety of strategies such as observation and questioning to identify on-going difficulties in students' learning and responding to their individual needs in a timely manner. It also involves students being constant reviewers and self-assessors of their work. Formative assessment usually occurs throughout the teaching and learning process to clarify and support students' knowledge, understanding and ability to apply their learning to an array of tasks.

**Summative Assessment (Assessment of Learning)** refers to strategies designed to confirm what students know at the end of a stage of learning and whether or not they have met the curriculum outcomes or goals of their individual learning achievement. It is designed to provide evidence of achievement to parents, other educators, students themselves, and outside groups (e.g. employers, other educational institutions).

## ၄။ အဓိက အဓိပ္ပာယ်သတ်မှတ်ချက်များ (Key Definitions)

**သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) (သင်ယူမှု အတွက် စစ်ဆေးအကဲဖြတ်ခြင်း)** သည် ကျောင်းသားများ၏ သင်ယူရာတွင် တွေ့ကြုံနေရဆဲ အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ရန်အတွက် ဆရာများက ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းမေးခြင်းစသည့် နည်းဗျူဟာအမျိုးမျိုး အသုံးပြုခြင်းနှင့် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။ ကျောင်းသားများအားလည်း အစဉ်အမြဲ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်သူများ (၎င်းတို့၏ လုပ်ဆောင်မှုကို ၎င်းတို့ကိုယ်တိုင် စစ်ဆေးအကဲဖြတ်သူများ)၊ ပြန်လည် သုံးသပ်သူများအဖြစ် ပါဝင်စေသည်။ ကျောင်းသားများက အသိပညာ၊ နားလည် သဘောပေါက်မှုနှင့် သင်ယူမှုတို့ကို ပေးထားသော လုပ်ငန်းတာဝန် များတွင် အသုံးချနိုင်မှု ရှိ၊ မရှိ ရှင်းလင်းစွာ သိရှိရန်နှင့် ကျောင်းသားများကို ပံ့ပိုးပေးရန်အတွက် သင်ယူစဉ်စစ်ဆေး အကဲဖြတ်ခြင်းကို အများအားဖြင့် သင်ကြားသင်ယူမှု ဖြစ်စဉ်တစ်လျှောက်လုံးတွင် အသုံးပြုသည်။

**သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း (Summative Assessment) (သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း)**သည် သင်ယူမှုအဆင့်တစ်ခု ပြီးဆုံးချိန်၌ ကျောင်းသားများ သိရှိနားလည်သွားသော အကြောင်းအရာနှင့် ၎င်းတို့ တစ်ဦးစီ၏ သင်ယူတတ်မြောက်မှု ပန်းတိုင်များ သို့မဟုတ် သင်ရိုးညွှန်းတမ်း၏ ရလဒ်များ ပေါက်မြောက်မှု ရှိ၊ မရှိ အတည်ပြုရန် စီစဉ်ရေးဆွဲထားသော နည်းဗျူဟာများကို ဆိုလိုသည်။ ထို့ပြင် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းကို မိဘများ၊ အခြားဆရာများ၊ ကျောင်းသားများနှင့် ပြင်ပအဖွဲ့အစည်းများ (ဥပမာ- လုပ်ငန်းရှင်များ၊ အခြားပညာရေးဌာနများ) သို့ တတ်မြောက်မှု အထောက်အထားပေးရန် စီစဉ်ရေးဆွဲသည်။

**Classroom Assessment Tools and Instruments** provide the information needed to adjust teaching and learning while they are still happening. Examples of these tools include observing the student directly, questioning, discussion with the students, learning logs, peer assessment and self-assessment, quizzes, think - pair - share, etc.

**Outcomes** are the end products of a learning process. The outcomes are stated at the beginning of a learning activity or course of study and should clearly indicate what students should be able to demonstrate at the end of the process. Assessment information is used to make judgements about the achievement of these outcomes.

(Please see **Annex-A** for other definitions.)

**အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ (Classroom Assessment Tools and Instruments)** သည် သင်ကြားသင်ယူမှုကို ညှိယူရန်အတွက် သင်ကြားသင်ယူမှု ဖြစ်ပေါ်နေဆဲမှာပင် လိုအပ်သော သတင်းအချက်အလက်များကို ပေးသည်။ အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများတွင် ဥပမာအားဖြင့် ကျောင်းသားအား တိုက်ရိုက်ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းမေးခြင်း၊ ကျောင်းသားများနှင့် ဆွေးနွေးခြင်း၊ သင်ယူမှု မှတ်တမ်းများ (learning logs)၊ သက်တူရွယ်တူချင်း စစ်ဆေးအကဲဖြတ်ခြင်း (peer assessment)၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (self-assessment)၊ ဉာဏ်စမ်းများ (quizzes)၊ တွေး-တွဲ-မျှဝေ (think – pair – share) စသည်တို့ ပါဝင်သည်။

**ရလဒ်များ (Outcomes)** သည် သင်ယူမှုဖြစ်စဉ် ပြီးဆုံးသောအခါ ရရှိမည့် အကျိုးရလဒ်များ ဖြစ်သည်။ ရလဒ်များကို သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ခန်းစာအစတွင် ဖော်ပြသည်။ ရလဒ်များသည် သင်ယူမှုဖြစ်စဉ်အဆုံး၌ ကျောင်းသားများက မည်သည့်အရာကို လုပ်ဆောင်ပြနိုင်မည် ဆိုသည်ကို ရှင်းလင်းစွာ ညွှန်ပြထားရမည်။ ယင်းရလဒ်များ ပေါက်မြောက် အောင်မြင်မှု ရှိ၊ မရှိ ဆုံးဖြတ်ရန် စစ်ဆေးအကဲဖြတ်မှုမှရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

(အခြား အဓိပ္ပာယ်သတ်မှတ်ချက်များကို ပူးတွဲ-က တွင်ကြည့်ပါ။)

# 5. BASIC PRINCIPLES OF ASSESSMENT

(i) Each curriculum learning area and grade level should include a balanced combination of formative and summative assessments. Diagnostic assessment may be used to assess prior learning and misconceptions.

(ii) Assessment should be built into curriculum design and should relate directly to the curriculum aims and learning outcomes. Assessment tasks should primarily reflect the nature of the discipline or subject. Consistent with the Basic Education Curriculum Framework (BECF), assessment will span the entire curriculum.

(iii) Assessment should also ensure that students have opportunities to demonstrate their individual skills and capabilities using a variety of assessment tools and instruments.

(iv) Formative assessment should first and foremost be utilized as a tool to motivate, create learning opportunities, and provide constructive ongoing feedback (to both students and teachers).

# ၅။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံမူများ

# (Basic Principles of Assessment)

(၁) သင်ရိုးညွှန်းတမ်း၊ သင်ယူမှုနယ်ပယ်နှင့် အတန်းအဆင့်အသီးသီးတွင် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ထည့်သွင်းရမည်။ ယခင်က သင်ယူခဲ့သည်များ၊ လွဲမှားနေသော အယူအဆများကို စစ်ဆေးရန်အတွက် အားနည်းချက် စစ်ဆေး အကဲဖြတ်ခြင်း (diagnostic assessment) ကို အသုံးပြုကောင်း ပြုနိုင်သည်။

(၂) စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ရိုးညွှန်းတမ်း စီစဉ်ရေးဆွဲရာတွင် ပါဝင်ရမည်ဖြစ်ပြီး သင်ရိုးညွှန်းတမ်း၏ ရည်မှန်းချက်များ၊ သင်ယူမှုရလဒ်များနှင့် တိုက်ရိုက်ဆက်စပ် ကိုက်ညီနေရမည်။ အဓိကအားဖြင့် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများသည် ပညာရပ် သို့မဟုတ် ဘာသာရပ်တစ်ခု၏ သဘောသဘာဝကို ထင်ဟပ်နေရမည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် ကိုက်ညီပြီး သင်ရိုးညွှန်းတမ်းတစ်ခုလုံးကို လွှမ်းခြုံနိုင်ရမည်။

(၃) စစ်ဆေးအကဲဖြတ်မှု နည်းလမ်းအမျိုးမျိုးကို အသုံးပြုခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ၎င်းတို့တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို ပြသနိုင်သည့် အခွင့်အလမ်း ရရှိစေရမည်။

(၄) သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို သင်ယူလိုစိတ် လှုံ့ဆော်ရန်၊ သင်ယူမှုအခွင့်အလမ်းများ ဖန်တီးရန်နှင့် (ကျောင်းသားများနှင့် ဆရာများသို့) အပြုသဘောဆောင်သည့် အကြံပြုချက်များကို စဉ်ဆက်မပြတ်ပေးရန် နည်းလမ်းအဖြစ် ဦးစွာပထမ အသုံးပြုရမည်။

(v) Summative assessment for the purpose of grading and as a quality assurance mechanism is undertaken less frequently than formative assessment and the results should be used by the teacher to improve teaching.

(vi) Assessment should include all basic education schools and students under the Ministry of Education (MOE), as well as others including monastic schools and government recognised private schools using the basic education curriculum.

(vii) Assessment tasks and associated criteria should be valid: i.e., they should effectively measure student attainment of the intended learning outcomes at the appropriate level.

(viii) Assessment should be based on clear and consistent processes and be subject to quality assurance (QA) of assessment.

(ix) Assessment should be inclusive and equitable as far as possible without compromising academic standards, i.e., it should ensure that tasks and procedures do not disadvantage any group or individual, including disadvantage due to gender, ethnic group, disability, socio-economic status, or other circumstances.

(၅) သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းကို အဆင့်သတ်မှတ်ရန်နှင့် အရည်အသွေး အာမခံမှုနည်းလမ်းအဖြစ် အသုံးပြုပြီး သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းထက် အကြိမ်အရေအတွက် နည်းပါးစွာ ဆောင်ရွက်ရမည်။ ထို့နောက် ရလဒ်များကို ဆရာများက သင်ကြားမှု တိုးတက်စေရေးအတွက် အသုံးပြုရမည်။

(၆) စစ်ဆေးအကဲဖြတ်ခြင်းတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာ ကျောင်းများနှင့် ကျောင်းသားများအားလုံးအပြင် ဘုန်းတော်ကြီးသင် ကျောင်းများ၊ အစိုးရအသိအမှတ်ပြု ပုဂ္ဂလိကကျောင်းများ အပါအဝင် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို အသုံးပြုသော အခြားကျောင်း များနှင့် ကျောင်းသားများလည်း ပါဝင်ရမည်။

(၇) စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများနှင့် ဆက်စပ်ပါဝင်သော စံများသည် ခိုင်လုံမှု (validity) ရှိရမည်။ ဆိုလိုသည်မှာ သင့်လျော်သော အဆင့်တစ်ခု၌ ကျောင်းသား၏ မျှော်မှန်းသင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှုကို ထိရောက်စွာ တိုင်းတာနိုင်ရမည်။

(၈) စစ်ဆေးအကဲဖြတ်ခြင်းသည် ရှင်းလင်းတိကျ၍ ဆက်စပ်ကိုက်ညီမှု ရှိသော လုပ်ငန်းစဉ်များကို အခြေခံပြီး အရည်အသွေး အာမခံနိုင်ရမည်။

(၉) စစ်ဆေးအကဲဖြတ်ခြင်းသည် ပညာရေးစံများကို မထိခိုက်စေဘဲ တတ်နိုင် သမျှ လူတိုင်းအကျုံးဝင်ပြီး သာတူညီမျှ ဖြစ်စေရမည်။ ဆိုလိုသည်မှာ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းစဉ်များသည် ကျား/မ၊ လူမျိုးစု၊ မသန်စွမ်းမှု၊ လူမှု-စီးပွားရေး အဆင့်အတန်း သို့မဟုတ် အခြား အခြေအနေများအရ အခွင့်အလမ်းနည်းသူများ အပါအဝင် မည်သည့်အုပ်စု သို့မဟုတ် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အခွင့်အလမ်း မဆုံးရှုံးစေရ။

(x) Assessment processes should include timely feedback to students and/or parents that promotes learning and facilitates improvement as an integral part of teaching and learning (particularly in the case of formative assessment tasks), and, where appropriate, also for summative tasks.

(xi) The amount of assessed work should be manageable for both students and their teachers without overloading staff or students.

(xii) Continuous professional development (CPD) policy and strategy should enable all those involved in student assessment to become competent to undertake their roles and responsibilities. This will include implementation of the NAP in teacher education.

(xiii) Assessments, including tests and exams, are not to be used as a pass/fail mechanism, but rather to be used to better facilitate students' learning and to grade student achievement.

The Guidelines for Implementation of the NAP at each level will identify specific requirements to ensure realization of these principles.

(၁၀) စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်စဉ်များတွင် ကျောင်းသားများ သို့မဟုတ် မိဘများ သို့မဟုတ် နှစ်ဦးစလုံးအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်အကြံပြုချက် (feedback) ပေးခြင်းများ ပါဝင်ရမည်။ ထိုသို့ တုံ့ပြန်အကြံပြုချက် ပေးခြင်းသည် (အထူးသဖြင့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများတွင်) သင်ယူမှုကို မြှင့်တင်ပေးပြီး ပိုမိုကောင်းမွန်စေရန် ပံ့ပိုးပေးသည့် သင်ကြားသင်ယူမှုလုပ်ငန်း၏ အဓိကအစိတ်အပိုင်း တစ်ခုဖြစ်သည်။ သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများအတွက်လည်း သင့်လျော်သည့်အခြေအနေတွင် တုံ့ပြန်အကြံပြုချက်ပေးရမည်။

(၁၁) စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းသည် ဆရာများနှင့် ကျောင်းသားများတွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ကျောင်းသားများနှင့် ၎င်းတို့၏ ဆရာများက ဆောင်ရွက်နိုင်သော အတိုင်းအတာ ဖြစ်စေရမည်။

(၁၂) စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့် မဟာဗျူဟာ (continuous professional development policy and strategy) သည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းတွင် ပါဝင်ဆောင်ရွက်သူအားလုံးအား ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စွမ်း ရှိလာစေရမည်။ ထို့ကြောင့် ဆရာအတတ်ပညာရေး၌ အမျိုးသားပညာရည် စစ်ဆေးအကဲ ဖြတ်ခြင်းမူဝါဒ (NAP) ကို အကောင်အထည်ဖော်ခြင်း ပါဝင်မည်။

(၁၃) စာမေးပွဲ (exam) နှင့် စစ်ဆေးမှု (test)အပါအဝင် စစ်ဆေးအကဲဖြတ်ခြင်းများကို အောင်/ရှုံး ဆုံးဖြတ်ရန် နည်းစနစ်အဖြစ် အသုံးပြုခြင်းထက် ကျောင်းသားများ၏ သင်ယူမှု ပိုမိုလွယ်ကူကောင်းမွန်စေရန်နှင့် ၎င်းတို့၏ တတ်မြောက်မှုအဆင့်ကို သတ်မှတ်ဖော်ပြရန်အတွက် အလေးထား အသုံးပြုရမည်။

ဤအခြေခံမှုများကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) ဖြင့် လိုအပ်သည့် အချက်များကို အဆင့်အလိုက် သတ်မှတ်ဖော်ပြမည်။

# 6. THE FOUR PILLARS OF BASIC EDUCATION STUDENT ASSESSMENT

Myanmar basic education assessment system will comprise four pillars, as outlined below.

## 6.1 Pillar 1. Classroom-Level Assessment

**6.1.1 Definition:** Classroom-level assessment is defined as formative assessment that teachers undertake continuously throughout the school year, and which will be administered by individual teachers in accordance with the NAP and relevant Guidelines. Teachers may utilize various tools and instruments as appropriate to the task and age/grade of the students, and must keep a record.

# ၆။ အခြေခံပညာအဆင့် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်း၏ ကဏ္ဍလေးရပ် (The Four Pillars of Basic Education Student Assessment)

မြန်မာနိုင်ငံ၏ အခြေခံပညာအဆင့် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်း စနစ်သည် အောက်တွင် အကျဉ်းချုပ်ဖော်ပြထားသည့်အတိုင်း ကဏ္ဍလေးရပ် ဖြင့် ဖွဲ့စည်းမည်။

## ၆၊ ၁။ ကဏ္ဍ (၁) – အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း (Classroom–Level Assessment)

**၆၊ ၁၊ ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်–** အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းကို စာသင်နှစ် တစ်လျှောက်လုံးတွင် ဆရာများက အဆက်မပြတ် ဆောင်ရွက်ရမည့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အမျိုးသား ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (NAP)နှင့် မူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) အရ ဆရာအသီးသီးက အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းကို စီမံကွပ်ကဲသည်။ ဆရာများသည် သင်ယူမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ အသက်၊ အတန်းတို့အပေါ် မူတည်ပြီး သင့်လျော်သော နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်ပြီး မှတ်တမ်းထားရှိရမည်။

**6.1.2 Purpose and guiding principles:** The purpose of classroom-level assessment is to identify, on an ongoing basis, opportunities for improving student learning and respond to students' individual needs in a timely manner. Classroom-level assessment shall:

(i) be largely qualitative

(ii) be appropriate to age and grade level

(iii) be student-centred, have a positive impact on students' activity and participation, and motivate them to learn

(iv) promote active learning, including engaging students in discussion and dialogue in the classroom and promoting soft skills -

Critical Thinking, Reasoning and Problem Solving,
Collaboration/Group Work,
Communication/Interpersonal Skills,
Creativity and Innovation,
Citizenship and Sustainable Development

(v) enable student self-assessment and peer-assessment

(vi) be consistent among the teachers throughout the school in methods of providing feedback to students for improvement in learning

**၆၊ ၁၊ ၂။ ရည်ရွယ်ချက်နှင့် လမ်းညွှန်မှုများ (Purpose and Guiding Principles)** –အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်သည် သင်ယူနေဆဲမှာပင် ကျောင်းသား၏ သင်ယူမှုတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ဖော်ထုတ် သတ်မှတ်ရန်နှင့် ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်သည်။

အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းသည် –

(၁) အဓိကအားဖြင့် အရည်အသွေး ရှိရမည်။

(၂) အသက်၊ အတန်းအဆင့်တို့နှင့် သင့်လျော်မှု ရှိရမည်။

(၃) ကျောင်းသားဗဟိုပြု ဖြစ်ရမည်။ ကျောင်းသားများ၏ သင်ယူမှု လုပ်ငန်းနှင့် ၎င်းတို့ပါဝင် ဆောင်ရွက်ခြင်းအပေါ် ကောင်းသော အကျိုးသက်ရောက်မှု ပေးပြီး ၎င်းတို့တွင် သင်ယူလိုစိတ် ဖြစ်လာစေရန် လှုံ့ဆော်ပေးမည်။

(၄) အတန်းတွင်း၌ ဆွေးနွေးခြင်း၊ စကားပြောဆိုခြင်း အပါအဝင် လေးနက်စွာ တွေးခေါ်ခြင်း၊ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking, Reasoning and Problem Solving)၊ ပူးပေါင်းဆောင်ရွက်ခြင်း/ အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း (Collaboration/ Group Work)၊ ဆက်သွယ်ပြောဆိုခြင်း/ လူလူချင်း ဆက်ဆံခြင်း (Communication/ Interpersonal Skills)၊ အသစ်ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း (Creativity and Innovation)၊ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု (Citizenship and Sustainable Development) စသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills) ကို ရရှိစေမည့် တက်ကြွသော သင်ယူမှုကို အားပေးမည်။

(၅) ကျောင်းသားများသည် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းသား အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်စေမည်။

(၆) သင်ယူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျောင်းသားများကို တုံ့ပြန် အကြံပြုချက် (feedback) ပေးသည့်နည်းလမ်းများကို တစ်ကျောင်းလုံးရှိ ဆရာများအကြားတွင် တစ်သမတ်တည်း အသုံးပြုမည်။

(vii) encourage students and teachers to view errors as learning opportunities

(viii) provide information for remedial, revision, and extension purposes

(ix) enable constructive feedback between teacher and student, and among teachers.

## Soft skills (21st Century Skills)



(၇) ကျောင်းသားများနှင့် ဆရာများအား "အမှားများကို သင်ယူမှုအခွင့်အလမ်းများ" အဖြစ် ရှုမြင်ရန် တိုက်တွန်းအားပေးမည်။

(၈) ကုစားသင်ကြားပေးခြင်း/ ဖြည့်ဆည်းသင်ကြားပေးခြင်း (remedial education)၊ ပြန်လည်လေ့ကျင့်ခြင်း (revision) နှင့် ထပ်ဆောင်းလေ့ကျင့်ခြင်း(extension) ဆောင်ရွက်ရန်အတွက် သတင်းအချက် အလက်ပေးမည်။

(၉) ဆရာနှင့် ကျောင်းသားအကြားတွင် လည်းကောင်း၊ ဆရာများ အချင်းချင်းအကြားတွင် လည်းကောင်း စနစ်တကျ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ (feedback) ပေးမည်။

## ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (၂၁ ရာစု ကျွမ်းကျင်မှုများ)



**6.1.3 Scope:** Classroom-level assessment will **principally include the following elements**:

(i) student-centred tasks such as group work, discussion, debate, projects and so on

(ii) students demonstrating their knowledge, understanding and ability to apply their learning

(iii) students reviewing and assessing their work

(iv) teacher making informal observations of students and questioning students.

Classroom-level assessment will not be used for scoring/rating students for streaming by ability or performance level.

**၆၊ ၁၊ ၃။ နယ်ပယ်အကျယ်အဝန်း–** အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းတွင် အဓိကအားဖြင့် အောက်ပါအချက်များ ပါဝင်သည် –

(၁) ကျောင်းသားဗဟိုပြု အလုပ်များ ပေးခြင်း၊ ဥပမာ– အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်း၊ စကားရည်လုပွဲ၊ ပရောဂျက်လုပ်ငန်း အစရှိသည့် အလုပ်များပေးခြင်း

(၂) ကျောင်းသားများက ၎င်းတို့ သင်ယူထားသည်များကို အသုံးချရန်အတွက် ၎င်းတို့၏ အသိပညာ၊ နားလည်မှု၊ စွမ်းရည်တို့ကို ပြသခြင်း

(၃) ကျောင်းသားများက မိမိတို့၏အလုပ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

(၄) ဆရာက အတန်းတွင်းလှည့်လည်ကာ ကျောင်းသားများအား ကြည့်ရှုလေ့လာခြင်း (informal observation) နှင့် မေးခွန်းမေးခြင်းများကို ဆောင်ရွက်ခြင်း

အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းကို ကျောင်းသားများ၏ စွမ်းရည် သို့မဟုတ် လုပ်ဆောင်မှုအဆင့်အရ အရည်အချင်းတူသူများအား ခွဲခြားစုစည်းရန် အမှတ်ပေးခြင်း/ အဆင့်သတ်မှတ်ခြင်းတို့အတွက် အသုံးပြုမည် မဟုတ်ပါ။

**6.1.4 Operational considerations:** The Guidelines for Implementation of the NAP at kindergarten, primary, and secondary education levels will provide specific guidance on operationalizing classroom-level assessment. School principals and teachers will need to ensure that:

(i) lesson plans identify the assessment tools to be used and the learning outcomes to be assessed, in accordance with the NAP and Guidelines

(ii) students are involved in planning their work according to the learning outcomes identified in the curriculum

(iii) students are aware of the learning outcomes and the success criteria

(iv) learning progress is discussed periodically with parents and students to provide opportunities for input from parents, and to identify follow-up strategies for remedial, revision, and extension purposes.

**၆၊ ၁၊ ၄။ လုပ်ငန်းဆိုင်ရာ ထည့်သွင်းစဉ်းစားထားချက်များ (Operational Considerations) –** သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည် ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) သည် အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တိကျသော လမ်းညွှန်မှုများ ပေးမည်ဖြစ်ရာ ကျောင်းအုပ်များနှင့် ဆရာများက အောက်ပါ အချက်များကို သေချာစွာ ပြုလုပ်ရန် လိုအပ်သည် –

(၁) အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (NAP)၊ လုပ်ငန်း လမ်းညွှန်ချက်များ (guidelines) နှင့်အညီ သင်ပြမှုပုံစံ/ သင်ခန်းစာ အစီ အစဉ်များ (lesson plans) သည် အသုံးပြုရမည့် စစ်ဆေး အကဲဖြတ်နည်း များနှင့် စစ်ဆေးရမည့် သင်ယူမှုရလဒ်များကို ဖော်ထုတ်သတ်မှတ်ရန်။

(၂) သင်ရိုးညွှန်းတမ်းတွင် ချမှတ်ထားသော ရည်ရွယ်ချက်များနှင့် သင်ယူမှု ရလဒ်များအရ ကျောင်းသားများသည် ၎င်းတို့လုပ်ဆောင်ရမည့် သင်ယူမှု လုပ်ငန်းကို စီစဉ်ရာတွင် ပါဝင်ကြရန်။

(၃) ကျောင်းသားများသည် သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ (success criteria) ကို နားလည် သဘောပေါက်ကြရန်။

(၄) မိဘများအား အကြံပြုချက်ပေးနိုင်မည့် အခွင့်အလမ်းများပေးရန်နှင့် လိုအပ်ပါက နောက်ဆက်တွဲ နည်းလမ်းများဖြစ်သည့် ကုစား/ ဖြည့်ဆည်း သင်ကြားပေးခြင်း (remedial education)၊ ပြန်လည် လေ့ကျင့်ခြင်းနှင့် ထပ်ဆောင်းလေ့ကျင့်ခြင်းတို့ကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် ကျောင်းသား၏ သင်ယူမှုတိုးတက်ခြင်းနှင့် စပ်လျဉ်း၍ မိဘများ၊ ကျောင်းသားများနှင့် ပုံမှန်ဆွေးနွေးရန်။

## 6.2 Pillar 2. School-Based Assessment

**6.2.1 Definition:** School-based assessment is a combination of formative and summative assessment appropriate for the age/grade of the students.

**6.2.2 Purpose and guiding principles:** The purpose of school-based assessment is to measure student achievement at prescribed stages throughout the school year. For some grades it will also be used as criteria for progression to the next grade. School-based assessment will:

(i) **at all levels,** enable teachers to take remedial measures after periodic assessment, identify individual students' strengths and weaknesses, competencies and interests, and provide feedback to parents and students. Students will be encouraged to achieve their full potential and to demonstrate their knowledge, attitudes and skills, including soft skills.

## ၆၊ ၂။ ကဏ္ဍ (၂)- ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း (School-Based Assessment)

**၆၊ ၂၊ ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်-** ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ အသက်၊ အတန်းတို့နှင့် သင့်လျော်မည့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့်သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်းတို့ကိုပေါင်းစပ်ထားသည်။

**၆၊ ၂၊ ၂။ ရည်ရွယ်ချက်နှင့် လမ်းညွှန်မှုများ (Purpose and Guiding Principles)-** ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်မှာ စာသင်နှစ်တစ်လျှောက်လုံးရှိ သတ်မှတ်ထားသောအဆင့်များတွင် ကျောင်းသား၏ တတ်မြောက်မှုကို တိုင်းတာရန် ဖြစ်သည်။ အချို့သော အတန်းများအတွက် ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းကို နောက်အတန်းတစ်တန်းသို့ တိုးမြှင့်ရန် စံအဖြစ် အသုံးပြုသည်။ ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းသည် -

(၁) <u>အဆင့်အားလုံး၌</u> ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်းပြီးသည့်နောက် ဆရာများက ကုစား/ ဖြည့်ဆည်းသင်ကြားခြင်း (remedial education) ပြုလုပ်နိုင်စေရမည်။ ကျောင်းသားတစ်ဦးချင်းစီ၏ အားသာချက်၊ အားနည်းချက်များ၊ တတ်ကျွမ်းမှုများ၊ စိတ်ဝင်စားမှုများကို ဖော်ထုတ် သတ်မှတ်ပေးပြီး မိဘနှင့် ကျောင်းသားများကို အကြံပြုချက်များ ပေးမည်။ ကျောင်းသားများကို ၎င်းတို့၏ စွမ်းရည်ရှိသမျှ တတ်မြောက်စေရန်နှင့် ၎င်းတို့၏ အသိပညာ၊ သဘောထားများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills) အပါအဝင်ဖြစ်သော ကျွမ်းကျင်မှုများကို ပြသရန် အားပေးမည်။

(ii) at kindergarten stage, principally involve teacher observations and student interactions to assess students' physical and mental well-being, moral, social and emotional development, interpersonal communication, exploration of basic mathematics, appreciation of arts and creativity, and understanding of the world around them.

(iii) at lower primary stage, principally be used as a basis for feedback to students and parents, and not as a basis for promotion to the next grade.

(iv) at upper primary and secondary stages, be used as a basis for determining a student's year end grade and may also be used for promotion purposes.

**6.2.3 Scope:** School-based assessment against expected subject/ course outcomes by grade will principally include the following elements:

(i) at all levels there will be formative and summative assessment of knowledge, attitudes and skills, including soft skills in all subjects (including local curriculum), using methodologies that are harmonized while ensuring that the assessment methods are fit for purpose and appropriate for the age of the students

(၂) <u>**သူငယ်တန်းအဆင့်၌**</u> ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာရသ ခံစားခြင်းနှင့် ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းတို့ကို စစ်ဆေးအကဲဖြတ်ရာတွင် ဆရာ၏ ကြည့်ရှုလေ့လာခြင်းများနှင့် ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်းများကို အဓိကအားဖြင့် အသုံးပြုမည်။

(၃) <u>**မူလတန်းအောက်ဆင့်၌**</u> နောက်အတန်းတစ်တန်းသို့ တိုးမြှင့်ပေးရန် အခြေခံအဖြစ် မဟုတ်ဘဲ ကျောင်းသားများနှင့် မိဘများကို အကြံပြုချက် ပေးရန် အခြေခံအဖြစ် အဓိကအသုံးပြုမည်။

(၄) <u>**မူလတန်းအထက်ဆင့်နှင့် အလယ်တန်း၊ အထက်တန်းအဆင့်များ၌**</u> ကျောင်းသား၏နှစ်ဆုံးတတ်မြောက်မှုအဆင့်ကို ဆုံးဖြတ်ရန် အခြေခံ အဖြစ် အသုံးပြုပြီး နောက်အတန်းတစ်တန်းသို့ တိုးမြှင့်ပေးရန်အတွက်လည်း အသုံးပြုနိုင်သည်။

**၆၊ ၂၊ ၃။ နယ်ပယ်အကျယ်အဝန်း –** အတန်းအလိုက်၊ ဘာသာရပ်အလိုက် မျှော်မှန်းရလဒ်များအပေါ် မူတည်သော ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ် ခြင်းတွင် <u>**အဓိကအားဖြင့် အောက်ပါ အချက်များ ပါဝင်သည်**</u> –

(၁) <u>**အဆင့်အားလုံး၌**</u> (ဒေသသင်ရိုး အပါအဝင်) ဘာသာရပ်အားလုံးတွင် ပါရှိသော အသိပညာ၊ သဘောထားများနှင့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (soft skills) အပါအဝင်ဖြစ်သော ကျွမ်းကျင်မှုများကို သင်ယူစဉ်နှင့် သင်ယူအပြီးတွင် စစ်ဆေးအကဲဖြတ်သည်။ ထိုသို့ စစ်ဆေး အကဲဖြတ်ရာတွင် ကျောင်းသားများ၏ အသက်၊ အတန်းတို့နှင့် သင့်လျော်ပြီး၊ ရည်ရွယ်ချက်နှင့် ကိုက်ညီသော စစ်ဆေးအကဲဖြတ်နည်းများ ဖြစ်စေရေး အတွက် လိုက်ဖက်သည့် နည်းလမ်းများကို အသုံးပြုသည်။

(for example principally using teacher observation in the kindergarten and the gradual use of more formal tests in higher grades). The results of both formative and summative assessment should be measured against the expected outcomes for each subject for each grade at the end of the school year.

(ii) **at upper primary and secondary stages,** assessment will principally include formal tests conducted periodically throughout the year and at year-end, as well as other indicators that describe students' performance in skills such as working effectively as a member of a team, solving problems, communicating effectively.

School-based assessment **will not be used** to label students by their perceived ability at any given stage in their learning or for streaming.

**6.2.4 Operational considerations:** Guidelines for Implementation of the NAP at kindergarten, primary, and secondary education levels will provide specific guidance on operationalizing school-based assessment. The school principals and teachers must:

(ဥပမာ–သူငယ်တန်း၌ဆရာ၏စောင့်ကြည့်လေ့လာမှုကိုအဓိကအသုံးပြုပြီး အတန်းကြီးများ၌ ပိုမိုပုံစံတကျ ဖြစ်သော စစ်ဆေးခြင်း (formal tests) မျိုးကို တဖြည်းဖြည်းတိုး၍ အသုံးပြုသည်။) ပညာသင်နှစ်အဆုံးတွင် အတန်းအလိုက်၊ ဘာသာရပ်အလိုက် မျှော်မှန်းရလဒ်များအပေါ် မူတည်၍ သင်ယူစဉ်နှင့် သင်ယူအပြီး စစ်ဆေးအကဲဖြတ်မှုတို့မှ ရရှိသော ရလဒ်များကို တိုင်းတာသည်။

(၂) <u>မူလတန်းအထက်ဆင့်နှင့် အလယ်တန်း၊ အထက်တန်းအဆင့်များ၌</u> ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းသည် တစ်နှစ်ပတ်လုံးနှင့် နှစ်ဆုံးတွင် ပုံမှန်ပြုလုပ်သော ပုံစံတကျစစ်ဆေးခြင်းများ (formal tests) အဓိကပါဝင်သည်။ ထိုနည်းတူ ကျောင်းသားများ၏ လုပ်ဆောင်မှုကို ဖော်ပြသော အခြားအညွှန်းကိန်းများလည်း ပါဝင် သည်။ ဥပမာ– အုပ်စုအဖွဲ့ဝင်တစ်ဦးအဖြစ် ထိရောက်စွာ အလုပ်လုပ်ခြင်း၊ ပြဿနာများ ဖြေရှင်းခြင်း၊ ထိရောက်စွာ ဆက်သွယ်ပြောဆိုခြင်း အစရှိသည့် ကျွမ်းကျင်မှုတို့ ဖြစ်သည်။

ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းကို ကျောင်းသားများ၏ စွမ်းရည်သို့မဟုတ် လုပ်ဆောင်မှုအဆင့်အရ အရည်အချင်းတူသူများအား ခွဲခြားစုစည်းရန် အမှတ်ပေးခြင်း/ အဆင့်သတ်မှတ်ခြင်းတို့အတွက် <u>အသုံးပြုမည် မဟုတ်ပါ။</u>

**၆၊ ၂၊ ၄။ လုပ်ငန်းဆိုင်ရာ ထည့်သွင်းစဉ်းစားထားချက်များ (Operational Considerations) –** အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) သည် သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များ၌ ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တိကျသော လမ်းညွှန်မှုများ ပေးမည်ဖြစ်ရာ ကျောင်းအုပ်များနှင့် ဆရာများက အောက်ပါအချက်များကို ပြုလုပ်ရမည်–

(i) comply with relevant policies for promotion and repetition in accordance with the Guidelines for Implementation of the NAP

(ii) plan to inform students and parents on new assessment approaches and on student achievement according to what will be assessed, when it will be assessed and how it will be assessed as well as informing them of the criteria which will be used for assessment purposes

(iii) ensure consistency among the teachers throughout the school in methods of providing feedback to students for improvement in learning

(iv) ensure that the marking, scoring and grading of students' work corresponds to the agreed assessment method

(v) record assessment results systematically and report to parents periodically

(vi) certify that individual students have successfully completed a particular grade and provide valid information about the achieved result

(vii) use the results to identify where teaching needs to be adjusted to take into account remediation of the common mistakes students make and provide remedial teaching for students who are weak in learning achievement.

(၁) အမျိုးသားပညာရေး စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) နှင့်အညီ နောက်အတန်းတစ်တန်းသို့ တိုးမြှင့်ပေးခြင်း၊ အတန်းထပ်ကျော့ခြင်းတို့နှင့် သက်ဆိုင်သည့်မူများကို လိုက်နာသည်။

(၂) မည်သည်ကို စစ်ဆေးအကဲဖြတ်မည်၊ မည်သည့်အချိန် စစ်ဆေးအကဲဖြတ်မည်၊ မည်သို့ စစ်ဆေးအကဲဖြတ်မည်၊ စစ်ဆေးအကဲဖြတ်ရန် ရည်ရွယ်ချက်အတွက် အသုံးပြုမည့် စံများ၊ ယှဉ်းစံများနှင့်အညီ ဆုံးဖြတ်မည့် ကျောင်းသား၏ တတ်မြောက်မှုနှင့် စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်းသစ်များ အကြောင်းကို ကျောင်းသားများနှင့် မိဘများအား အသိပေးရန် အစီအစဉ်ရေးဆွဲ ဆောင်ရွက်သည်။

(၃) သင်ယူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျောင်းသားများကို တုံ့ပြန်အကြံပြုချက် (feedback) ပေးသည့် နည်းလမ်းများကို တစ်ကျောင်းလုံးရှိ ဆရာများအကြားတွင်တစ်သမတ်တည်းအသုံးပြုကြောင်းသေချာစေသည်။

(၄) ကျောင်းသားများ၏ လုပ်ဆောင်မှုကို အဆင့်နှင့် အမှတ်များ ပေးခြင်းသည် အတည်ပြုထားသော စစ်ဆေးအကဲဖြတ်နည်းနှင့် ကိုက်ညီကြောင်း သေချာစေသည်။

(၅) စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်များကို စနစ်တကျ မှတ်တမ်းတင်ပြီး မိဘများအား ပုံမှန် အသိပေးသည်။

(၆) ကျောင်းသားတစ်ဦးချင်းကို အတန်းအဆင့်တစ်ခု အောင်မြင်စွာ ပြီးမြောက်ကြောင်း တရားဝင်အသိအမှတ်ပြုသည်။ အောင်မြင်မှုရလဒ်နှင့် စပ်လျဉ်း၍ တရားဝင် သတင်းအချက်အလက် ပေးသည်။

(၇) ကျောင်းသားများ အများဆုံးမှားသော အမှားများအတွက် မှန်ကန်အောင်ကုစား/ ဖြည့်ဆည်း သင်ကြားပေးရေး (remedial education) ကို ထည့်သွင်းစဉ်းစားရန်၊ သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များ ဖော်ထုတ်ပြုပြင်ရန်နှင့် သင်ယူတတ်မြောက်မှုတွင် အားနည်းသော ကျောင်းသားများအား ကုစား/ ဖြည့်ဆည်း သင်ကြားပေးရန်တို့ အတွက် စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်များကို အသုံးပြုသည်။

## 6.3 Pillar 3. Primary, Middle and High School Completion Assessment

**6.3.1 Definition:** Primary, Middle and High School Completion Assessment is defined as approaches for assessing completion of that level including agreed measures of student achievement at the end of Grade 5, 9 and 12. In general, for each of the agreed measures of assessment there will be uniformity within each **district/ state/ region**. The high school completion exam, as one component of basic education high school completion assessment, will be distinct from the process of selection into higher education or TVET which will be governed by policies for those sub-sectors.

## ၆၊ ၃။ ကဏ္ဍ (၃) - မူလတန်း၊အလယ်တန်းနှင့်အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း (Primary, Middle and High School Completion Assessment)

**၆၊ ၃၊ ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်–** မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းသည် ပဉ္စမတန်း၊ နဝမတန်းနှင့် ဒွာဒသမ တန်းတို့ အပြီး၌ အတည်ပြုထားသော ကျောင်းသားတတ်မြောက်မှု စစ်ဆေး တိုင်းတာခြင်းများနှင့် ယင်းအဆင့် ပြီးမြောက်မှုအတွက် စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်းများတို့ကို ဆိုလိုသည်။ ယေဘုယျအားဖြင့် အတည်ပြုထားသော အဆင့်ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းသည် ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီအတွင်း တူညီမှုရှိမည်။ အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အထက်တန်းအဆင့် ပြီးမြောက်မှု စာမေးပွဲသည် အဆင့်မြင့်ပညာရေး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး(TVET) ကျောင်းများသို့ ဝင်ခွင့် ရွေးချယ်ရေး လုပ်ငန်းစဉ်မှ ကွဲပြား ခြားနားမည်။ ယင်းကဏ္ဍခွဲများအတွက် မူဝါဒများ သီးသန့်ရှိသည်။

**6.3.2 Purpose and guiding principles:** The purpose of Primary, Middle and High School Completion Assessment is to assess and certify individual student learning achievement at the end of each phase of basic education. Primary, Middle and High School Completion Assessment will:

(i) assess students' knowledge, attitudes and skills, including soft skills for lifelong learning and employability, appropriate to the learning outcomes for each subject and level

(ii) provide all students who achieve the requirements of the school completion assessment at each level with a certificate of learning achievements to enable them to progress to the next stage of learning or employment

(iii) ensure accountability and quality assurance of the school

(iv) provide assessment information to policy makers for performance analysis, reporting and improvement strategies.

### ၆၊ ၃၊ ၂။ ရည်ရွယ်ချက်နှင့် လမ်းညွှန်မူများ (Purpose and Guiding Principles)–

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာရေး အဆင့်တစ်ခုအဆုံး၌ ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရန်နှင့် တရားဝင်အသိအမှတ်ပြုရန် ဖြစ်သည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းသည်–

(၁) ဘဝတစ်သက်တာ သင်ယူရန်နှင့် အလုပ်အကိုင်ရရှိရန် လိုအပ်သော အသိပညာ၊ သဘောထားများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills) အပါအဝင်ဖြစ်သော ကျွမ်းကျင်မှုများကို အတန်းအလိုက်၊ ဘာသာရပ်အလိုက် မျှော်မှန်းရလဒ်များအပေါ် မူတည်၍ သင့်လျော်စွာ စစ်ဆေးအကဲဖြတ်မည်။

(၂) ကျောင်းအဆင့်အလိုက် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းခဲ့နိုင်သော ကျောင်းသားများအား နောက်တစ်ဆင့်သင်ယူမှု သို့မဟုတ် အလုပ်အကိုင်ရရှိရေး ဆက်လက် ဆောင်ရွက်နိုင်စေမည့် သင်ယူတတ်မြောက်မှု အသိအမှတ်ပြုလက်မှတ် ပေးမည်။

(၃) တာဝန်ခံမှုနှင့် အရည်အသွေးအာမခံမှု ရှိစေမည်။

(၄) လုပ်ဆောင်မှု စိစစ်ခြင်း၊ အစီရင်ခံတင်ပြခြင်း၊ ပိုမိုကောင်းမွန်စေရန် နည်းဗျူဟာများ ရေးဆွဲခြင်းတို့အတွက် မူဝါဒချမှတ်သူများအား စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပေးမည်။

**6.3.3 Scope:** Primary, Middle and High School Completion Assessment will **principally include the following elements:**

(i) summative assessments and other agreed measures (for example, project work, presentations as appropriate) at the end of Primary, Middle and High School

(ii) certification of satisfactory learning achievement at the end of grades 5, 9 and 12, in knowledge, attitudes and skills, including soft skills as prescribed in the basic education curriculum.

Primary, Middle and High School Completion Assessment **will not be used** for scoring/rating students for streaming by ability or performance level.

**၆၊ ၃၊ ၃။ နယ်ပယ်အကျယ်အဝန်း–** မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ပြီးမြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အဓိကအားဖြင့် အောက်ပါ အချက်များ ပါဝင်သည် –

(၁) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ အပြီး၌ သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းများနှင့် အခြားသဘောတူညီထားသော တိုင်းတာ နည်းများ (ဥပမာ– သင့်လျော်သည့် ပရောဂျက်လုပ်ငန်းများ၊ ရှင်းလင်း တင်ပြခြင်းများ)

(၂) အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသော ပဉ္စမတန်း၊ နဝမတန်း၊ ဒွာဒသမတန်းတို့အဆုံး၌ရှိရမည့်အသိပညာ၊ သဘောထားများနှင့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (soft skills) အပါအဝင်ဖြစ်သော ကျွမ်းကျင်မှုများအရ ကျေနပ်ဖွယ်ရှိသည့် သင်ယူတတ်မြောက်မှုကို တရားဝင် အသိအမှတ်ပြုခြင်း

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြီးမြောက်မှု စစ်ဆေး အကဲဖြတ် ခြင်းကို ကျောင်းသားများ၏စွမ်းရည် သို့မဟုတ် လုပ်ဆောင်မှုအဆင့်အရ အရည် အချင်းတူသူများအား ခွဲခြားစုစည်းရန် အမှတ်ပေးခြင်း/ အဆင့်သတ်မှတ်ခြင်း တို့အတွက် အသုံးပြုမည် မဟုတ်ပါ။

**6.3.4 Operational considerations:** Guidelines for Implementation of the NAP at primary and secondary education levels will provide specific guidance on operationalizing Primary, Middle and High School Completion Assessment. In addition, the school principals and teachers must:

(i) ensure that students and parents are aware of the requirements for the primary, middle, and high school completion assessment

(ii) familiarise themselves and the students with the primary, middle, and high school completion assessment procedures and question formats

(iii) prepare work/study plans to ensure that students have covered the required course materials

(iv) provide the students with practice (mock) exams for grade(s) in which a primary, middle, and high school completion exam is included as an agreed component of student achievement

(v) ensure that students understand the marking and scoring procedures for primary, middle, and high school completion exams for grade(s) in which a school completion exam is included as an agreed component of student achievement.

**၆၊ ၃၊ ၄။ လုပ်ငန်းဆိုင်ရာ ထည့်သွင်းစဉ်းစားထားချက်များ (Operational Considerations) –** မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးအဆင့်များအတွက် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) သည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တိကျသော လမ်းညွှန်မှုများ ပေးမည်ဖြစ်ရာ ကျောင်းအုပ်များနှင့် ဆရာများက အောက်ပါအချက်များကို ပြုလုပ်ရမည်–

(၁) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှုအတွက် စစ်ဆေးအကဲဖြတ်မည့်အချက်များကို ကျောင်းသားများနှင့် မိဘများက နားလည်သဘောပေါက်ကြောင်း သေချာစေရမည်။

(၂) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် မေးခွန်းပုံစံများကို မိမိတို့ကိုယ်တိုင်နှင့် ကျောင်းသားများပါ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ရမည်။

(၃) ကျောင်းသားများသည် လိုအပ်သော သင်ယူရမည့် အကြောင်းအရာ များကို လွှမ်းခြုံသင်ယူကြောင်း သေချာစေရန်အတွက် အလုပ်/ သင်ယူ လေ့လာမှု အစီအစဉ်များ (work/study plans) ကို ကြိုတင်ပြင်ဆင်ထားရမည်။

(၄) ကျောင်းသားတတ်မြောက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အတည်ပြုထားသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စာမေးပွဲရှိသည့် အတန်း(များ)အတွက် ကျောင်းသားများအား နမူနာစာမေးပွဲများ (mock exams) ဖြင့် လေ့ကျင့်ပေးရမည်။

(၅) ကျောင်းသားတတ်မြောက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အတည်ပြုထားသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စာမေးပွဲရှိသည့် အတန်း(များ)အတွက် ကျောင်းသားများသည် ယင်းအဆင့် ပြီးမြောက်မှု စာမေးပွဲ၏ အမှတ်ပေးလုပ်ငန်းစဉ်များကို နားလည်ကြောင်း သေချာစေရမည်။

## 6.4 Pillar 4. Sample-Based Learning Assessments

**6.4.1 Definition:** Sample-Based Learning Assessments are defined as centrally managed assessments that identify and use a nationally or regionally representative sample of students of, for example, a particular age/grade/subject to measure the health of the education system. Examples include EGRA/EGMA and SEA-PLM, as well as sample-based assessment of reading and mathematics planned at middle school level for measurement of SDG 4.1.1.

**6.4.2 Purpose and guiding principles:** The purpose of Sample-Based Learning Assessments is to measure the health of the education system. Sample-based assessments are not concerned with the achievement of individual students. They are used to identify, for example, the need for modification and revision of the existing curriculum, teaching methodology and assessment, and where additional support is required for teachers, schools and townships, districts and regions.

## ၆၊ ၄။ ကဏ္ဍ (၄) - နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများ (Sample-Based Learning Assessments)

**၆၊ ၄၊ ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက် –** နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ ပညာရေးစနစ်၏ အခြေအနေမှန်ကို တိုင်းတာရန် စစ်ဆေး အကဲဖြတ်လိုသည့် အသက်/အတန်း/ဘာသာရပ်တို့တွင် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် ကိုယ်စားပြုနမူနာကျောင်းသားများကို သတ်မှတ်ရွေးချယ်၍ ဗဟိုအဆင့် စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သော စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ဥပမာ– “မူလတန်းအောက်ဆင့် ကလေးများ၏ စာဖတ်စွမ်းရည်/ သင်္ချာစွမ်းရည်ကို လေ့လာခြင်း (EGRA/ EGMA)”၊ “အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ (SEA-PLM)” နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDG) ၄.၁.၁ အရ အလယ်တန်းနှင့် အထက်တန်းအဆင့်၏ စာဖတ်စွမ်းရည်/ သင်္ချာစွမ်းရည်ကို နမူနာအခြေပြု လေ့လာရန် စီစဉ်ခြင်းတို့ ပါဝင်သည်။

**၆၊ ၄၊ ၂။ ရည်ရွယ်ချက်နှင့် လမ်းညွှန်မှုများ (Purpose and Guiding Principles)–** နမူနာ အခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများ၏ ရည်ရွယ်ချက်သည် ပညာရေးစနစ်၏ အခြေအနေမှန်ကို တိုင်းတာရန် ဖြစ်သည်။ နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများသည် ကျောင်းသားတစ်ဦးစီ၏ တတ်မြောက်မှုနှင့် မသက်ဆိုင်ပါ။ ဥပမာ–လက်ရှိသင်ရိုးညွှန်းတမ်း၊ သင်ကြားနည်း၊ စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ပြုပြင်မွမ်းမံရန်နှင့် ပြင်ဆင်ရန် လိုအပ်ချက်များ၊ ဆရာများ၊ ကျောင်းများ၊ မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများတွင် ထပ်ဆောင်းပံ့ပိုးရန် လိုအပ်နေသည်များကို ဖော်ထုတ်သတ်မှတ်ရန်အတွက် နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများကို အသုံးပြုသည်။

Sample-Based Learning Assessments will:

(i) be used to monitor and improve educational standards and quality and inform policy makers at state/region and national level for decision-making purposes

(ii) inform the MOE of the achievement levels of students' knowledge, attitudes, and skills, including soft skills according to national, regional and international standards

(iii) inform the MOE regarding the areas requiring improvement, including information of state/region level variations in performance and areas where teachers need additional support and resources to improve their teaching approaches and strategies

(iv) enable assessment providers to gather required information regarding, for example, students' socio-economic conditions, attitudes of students, parents and local community members to education and schooling.

နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများသည်-

(၁) ပညာရေး အဆင့်အတန်းနှင့် အရည်အသွေးကို လေ့လာကြီးကြပ်ရန်၊ တိုးတက်စေရန်နှင့် ဆုံးဖြတ်ချက်များ ချနိုင်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးနှင့် နိုင်ငံတော်အဆင့် မူဝါဒချမှတ်သူများအား သတင်းအချက်အလက် ပေးသည်။

(၂) နိုင်ငံတော်၊ ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များအရ အသိပညာ၊ သဘောထားများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills) အပါအဝင်ဖြစ်သော ကျွမ်းကျင်မှုများနှင့် စပ်လျဉ်းသည့် ကျောင်းသားများ၏ တတ်မြောက်မှုအဆင့်များကို ပညာရေးဝန်ကြီးဌာနသို့ သတင်းပို့သည်။

(၃) ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ဆောင်မှု ကွဲပြားခြားနားမှုများ ဆိုင်ရာ သတင်းအချက်အလက်များ အပါအဝင် တိုးတက်ရန် လိုအပ်နေသော နယ်ပယ်များနှင့် ဆရာများအတွက် ထပ်ဆောင်းပံ့ပိုးပေးရန် နှင့် ၎င်းတို့၏ သင်ကြားမှု ချဉ်းကပ်နည်းများနှင့် သင်ကြားနည်းများ တိုးတက်ရန် ရင်းမြစ်များ လိုအပ်နေသည့် နယ်ပယ်များအကြောင်းကို ပညာရေးဝန်ကြီး ဌာနသို့ သတင်းပေးပို့သည်။

(၄) စစ်ဆေးအကဲဖြတ်ခြင်းဆောင်ရွက်သူများသည် လိုအပ်သောသတင်းအချက်အလက်များ (ဥပမာ- ကျောင်းသားများ၏ လူမှုစီးပွားရေးအခြေအနေများ၊ ကျောင်းသားများ၊ မိဘများနှင့် ဒေသခံ ရပ်ရွာအဖွဲ့အစည်းဝင်များ၏ ပညာရေးနှင့် ကျောင်းနေခြင်းအပေါ် ထားရှိသည့် သဘောထားများ) ကို စုဆောင်းနိုင်ရမည်။

**6.4.3 Scope:** Sample-Based Learning Assessments will **principally include the following elements:**

(i) identification and selection of students of a particular age/grade/ subject

(ii) a reliable and valid sample which represents the spectrum of schools and students in Myanmar

(iii) test items that are standardized according to international norms

(iv) test items that are customized to the Myanmar context and address the Myanmar curriculum.

Sample-Based Learning Assessments **will not be used:**

(i) to test all students in all schools at a specific age/grade/subject

(ii) to identify the strengths and weaknesses of individual students

(iii) to identify the weaknesses of individual teachers or schools.

**6.4.4 Operational considerations:** Testing guidelines for sample-based assessments will be implemented according to the administrative requirements of the assessment tool provider. Sample-based tests are conducted periodically, usually every 3 - 5 years.

**၆၊ ၄၊ ၃။ နယ်ပယ်အကျယ်အဝန်း –** နမူနာအခြေပြုသင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းတွင် အဓိကအားဖြင့် အောက်ပါအချက်များ ပါဝင်သည် –

(၁) စစ်ဆေးအကဲဖြတ်လိုသည့် အသက်/ အတန်း/ ဘာသာရပ်နှင့် ကိုက်ညီသော ကျောင်းသားများကို သတ်မှတ်ရွေးချယ်ခြင်း

(၂) မြန်မာနိုင်ငံ၏ ကျောင်းများ၊ ကျောင်းသားများကို ကိုယ်စားပြုသည့် ခိုင်လုံမှုနှင့် ကိုးစားနိုင်မှုရှိသော နမူနာ

(၃) အပြည်ပြည်ဆိုင်ရာ စံနှုန်းများအရ စံကိုက်ထားသော စစ်ဆေးမည့် မေးခွန်းများ

(၄) မြန်မာနိုင်ငံ၏အခြေအနေ၊ သင်ရိုးညွှန်းတမ်းတို့နှင့် ကိုက်ညှိထားသော စစ်ဆေးမည့်မေးခွန်းများ

နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းများကို အောက်ပါ အချက်များအတွက် အသုံးပြုမည် မဟုတ်ပါ –

(၁) ကျောင်းအားလုံးမှ သတ်မှတ်ထားသော အသက်/ အတန်း/ ဘာသာရပ် နှင့် ကိုက်ညီသည့် ကျောင်းသားအားလုံးကို စစ်ဆေးခြင်း

(၂) ကျောင်းသားတစ်ဦးချင်းစီ၏ အားသာချက်များနှင့် အားနည်းချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း

(၃) ဆရာတစ်ဦးချင်းစီ သို့မဟုတ် ကျောင်းတစ်ကျောင်းစီ၏ အားနည်းချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း

**၆၊ ၄၊ ၄။ လုပ်ငန်းဆိုင်ရာ ထည့်သွင်းစဉ်းစားထားချက်များ (Operational Considerations) –** စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းပညာပံ့ပိုးသူ၏ စီမံခန့်ခွဲမှုဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ နမူနာအခြေပြုစစ်ဆေးအကဲဖြတ်ခြင်း လမ်းညွှန်ချက်များ (guidelines) ကို အကောင်အထည်ဖော် ဆောင်ရွက်မည်။ နမူနာအခြေပြု စစ်ဆေးအကဲဖြတ်ခြင်းများကို အများအားဖြင့် ၃ နှစ် – ၅ နှစ် တစ်ကြိမ် ပုံမှန် ပြုလုပ်သည်။

# 7. ORGANISATIONAL STRUCTURE OF THE NATIONAL ASSESSMENT SYSTEM

## 7.1 Departmental division of responsibilities for Basic Education Assessment

Under higher level guidance as needed, DME and relevant departments will ensure implementation of the policy guidelines, and tools and instruments as follows:

**Department of Myanmar Examinations (DME)** will take a leading/ coordinating role in oversight and monitoring of implementation of the National Assessment Policy (NAP), in close consultation with other departments (who will be responsible for implementation of some NAP elements). Once approved, DME will also be responsible for monitoring that the Guidelines (Tier 2) are being reflected in various tools and instruments (Tier 3) and followed in practice.

# ၇။ အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းစနစ်၏ ဖွဲ့စည်းဆောင်ရွက်ပုံ (Organisational Structure of the National Assessment System)

**၇၊ ၁။ အခြေခံပညာအဆင့် စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဦးစီးဌာနများ၏ အလုပ်တာဝန် ခွဲဝေခြင်း (Departmental division of responsibilities for Basic Education Assessment)–** လိုအပ်ချက်နှင့်အညီ အဆင့်မြင့် လမ်းညွှန်မှုများအောက်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (DME) နှင့် ဆက်နွှယ်သော ဦးစီးဌာနများသည် မူဝါဒလမ်းညွှန်ချက်များ (guidelines)၊ စစ်ဆေး အကဲဖြတ်ခြင်း နည်းလမ်းများကို အောက်ပါအတိုင်း အကောင်အထည်ဖော်မည်–

<u>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (DME)</u> သည် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (NAP) အကောင်အထည်ဖော်ခြင်းကို လေ့လာကြီးကြပ်ရာ၌ ဦးဆောင်မှု/ ညှိနှိုင်းမှုကဏ္ဍကို ရယူပြီး အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (NAP) ၏ အချို့ကိစ္စရပ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အခြားဦးစီးဌာနများနှင့် အနီးကပ် ဆွေးနွေးတိုင်ပင်သည်။ အတည်ပြုချက်ရရှိပြီးပါက အမျိုးမျိုးသော စစ်ဆေးလွှာများ၊ စစ်ဆေးနည်းများ (အလွှာ–၃) သည် လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) (အလွှာ–၂)နှင့် ကိုက်ညီမှု ရှိ၊ မရှိကိုလည်းကောင်း၊ လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) နှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကိုလည်းကောင်း လေ့လာကြီးကြပ်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် တာဝန်ရှိသည်။

**DME** will also be responsible for overseeing the implementation (based on the Guidelines for Implementation of the NAP) of pillar (iii) **primary, middle and high school completion assessments** and pillar (iv) **sample-based learning assessments** in close consultation, coordination and collaboration with other departments;

**Department of Education Research, Planning and Training (DERPT)** will take a leading/coordinating role in ensuring final approval and compliance of all concerned departments and institutions to the **Guidelines for Implementation of the NAP** are followed, which spans primary, middle, and high school;

DERPT will also undertake coordination, monitoring and periodic evaluation of student assessment system reforms;

**Department of Basic Education (DBE)** is responsible for supervising the implementation of three pillars:

(i) **classroom-level assessment,**

(ii) **school-based assessment and**

(iii) **primary, middle and high school completion assessments based on the Guidelines for Implementation of the NAP**, and supported by teacher guides, sample assessment tools and other instruments (developed by DERPT and other departments).

ထို့ပြင် **မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (DME)** သည် အခြားဦးစီးဌာနများနှင့် အနီးကပ် ဆွေးနွေးတိုင်ပင် ပူးပေါင်းညှိနှိုင်းကာ (အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (guidelines) အပေါ် အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိသော) စစ်ဆေးအကဲဖြတ်ခြင်းကဏ္ဍ (pillar) (၃) **မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း၊** စစ်ဆေးအကဲဖြတ် ခြင်းကဏ္ဍ (pillar) (၄) **နမူနာအခြေပြု သင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်း** တို့ကို ကြီးကြပ်ရန် တာဝန်ရှိသည်။

**ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(DERPT)** သည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းများကို လွှမ်းခြုံသော **အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ(guidelines)** အတည်ပြုချက် ရရှိရန်နှင့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများအားလုံးက လိုက်နာဆောင်ရွက်စေရန် ဦးဆောင်မှု/ညှိနှိုင်းမှု အခန်းကဏ္ဍကို ရယူသည်။

ထို့ပြင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (DERPT) သည် ပညာရည် စစ်ဆေးအကဲဖြတ်မှုစနစ် ပြုပြင်ပြောင်းလဲရေးတွင် ညှိနှိုင်းခြင်း၊ လေ့လာကြီးကြပ်ခြင်း၊ ပုံမှန်အကဲဖြတ်ခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်သည်။

**အခြေခံပညာဦးစီးဌာန (DBE)** သည် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ(guidelines) ပေါ် အခြေခံပြီး (DERPT နှင့် အခြားဦးစီးဌာနများက ပြုစုထားသော) ဆရာလမ်းညွှန်စာအုပ်များ၊ စစ်ဆေးအကဲဖြတ်မှုနည်းလမ်းနမူနာများနှင့် အခြားသင်ကြားရေး အထောက်အကူပစ္စည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်လျက်ရှိသော စစ်ဆေးအကဲဖြတ်ခြင်းကဏ္ဍ (pillar) များဖြစ်သည့်

(၁) **အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း၊**

(၂) **ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း၊**

(၃) **မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း**တို့ကို အနီးကပ်ကြီးကြပ်ရန် တာဝန်ရှိသည်။

## 7.2 Other Key Stakeholders

Other assessment stakeholders will be responsible for compliance with specific elements of the NAP, which will be detailed in the Guidelines for Implementation of the NAP:

- **Subject Wise Curriculum Committees (SWCC) and Curriculum Development Teams (CDT)** (e.g., inclusion of assessment in basic education curriculum)
- **Universities of Education (UOEs), Education Degree Colleges (EDCs) and Education Colleges (ECs)** assessment experts (e.g., inclusion of Guidelines for Implementation of NAP in Teacher Education)
- **State/Region Education Offices, District Education Offices and Township Education Offices** (e.g., capacity development for item writing, administration of exams, monitoring and quality assurance)
- **National Education Policy Commission (NEPC), National Curriculum Committee (NCC) and National Accreditation and Quality Assurance Committee (NAQAC)** (e.g., policy approval and monitoring).

## 7.3 Associated Capacity Development

MOE in collaboration with development partners and other stakeholders shall develop a capacity development plan to support effective implementation of the NAP.

## ၇၊ ၂။ အခြားအဓိက ပါဝင်ပတ်သက်သူများ (Other Key Stakeholders)

စစ်ဆေးအကဲဖြတ်ခြင်း၌ အခြား အဓိက ပါဝင်ပတ်သက်သူများသည် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ် ခြင်း မူဝါဒ အကောင်အထည်ဖော်ရေး လုပ်ငန်းလမ်းညွှန်ချက်များ(guidelines) တွင် အသေးစိတ်ဖော်ပြထားသော အခြေခံအချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိမည်။

- **ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီ (SWCC) နှင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့(CDT)** (ဥပမာ- အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းတွင် စစ်ဆေးအကဲဖြတ်ခြင်း ပါဝင်စေခြင်း)

- **ပညာရေးတက္ကသိုလ်များ (UOEs)၊ ပညာရေးဒီဂရီကောလိပ်များ (EDCs) နှင့်ပညာရေးကောလိပ်များ (ECs)-** စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (ဥပမာ- ဆရာအတတ်ပညာသင်တန်းများ ပို့ချရာတွင် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ အကောင် အထည်ဖော်ရေးလုပ်ငန်း လမ်းညွှန်ချက်များ (guidelines) ပါဝင်စေခြင်း)

- **ပြည်နယ်/တိုင်းဒေသကြီးပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံး များနှင့် မြို့နယ်ပညာရေးမှူးရုံးများ** (ဥပမာ- မေးခွန်းပြုစုခြင်း၊ စာမေးပွဲများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်းနှင့် အရည်အသွေး အာမခံမှုတို့အတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း)

- **အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC)၊ အမျိုးသားသင်ရိုး ညွှန်းတမ်း ကော်မတီ(NCC)နှင့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ရေးကော်မတီ (NAQAC)** (ဥပမာ- မူဝါဒအတည်ပြုခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ ထုတ်ပြန်ခြင်း)

**၇၊ ၃။ ဆက်စပ်နေသော စွမ်းဆောင်ရည်မြှင့်တင်မှု (Associated Capacity Development) –** အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒ (NAP) ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးတွင် အထောက်အကူ ပြုရန်အတွက် ပညာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အခြားပါဝင် ပတ်သက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

# 8. GUIDANCE FOR PERIODIC REVIEWS OF THE ASSESSMENT SYSTEM

The system should be periodically monitored, reviewed and evaluated, including but not limited to times when significant curriculum reforms are being introduced. Assessment data will be used by MOE for policy making and planning purposes. In addition, the policy is subject to review, revision and improvement **every five years,** with the implementation guidelines subject to more frequent review and upgrading.

# ၈။ စစ်ဆေးအကဲဖြတ်ခြင်းစနစ်ကို ပုံမှန်လေ့လာသုံးသပ်ရေး လမ်းညွှန်ချက် (Guidance for Periodic Reviews of the Assessment System)

စစ်ဆေးအကဲဖြတ်ခြင်းစနစ်ကို လေ့လာကြီးကြပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းများ ပုံမှန်ပြုလုပ်ရမည်။ သို့ရာတွင် အရေးပါသော သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု စတင်ချိန်တွင်မူ အချိန်နှင့် အကြိမ်အရေအတွက် ကန့်သတ်မှု မရှိသင့်ပါ။ ပညာရေးဝန်ကြီးဌာနသည် စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိသော အချက်အလက်များကို မူဝါဒချမှတ်ရန်နှင့် စီမံကိန်းရေးဆွဲရန်အတွက် အသုံးပြုမည်။ ထို့ပြင် မူဝါဒကို **၅ နှစ် တစ်ကြိမ်** ပြန်လည် သုံးသပ်ပြင်ဆင်ကာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်။ လုပ်ငန်းလမ်းညွှန်ချက်များ(guidelines) ကို မကြာခဏ ပြန်လည်သုံးသပ်ပြင်ဆင်မည်။

# Annex- A

# Definitions of the Terms

**Remedial Education** is an activity designed to improve a student's ability to read, write, or do mathematics, etc., especially when he/she faces difficulties.

**Mastery** describes the extent to which a student can apply his/her learning instead of remembering facts, building up skills incrementally. The individual student shows his/her mastery of a subject when he/she

(i) achieves the learning outcomes formulated in accordance with the prescribed curriculum level, and

(ii) is able to apply his/her knowledge, understanding and skills creatively in more complex situations.

**Validity** is the extent to which an assessment accurately measures what it is intended to measure. For example, if an English grammar test measures students' ability to use grammar correctly, instead of measuring ability to use new words as appropriate, the test has validity. If a vocabulary test measures students' ability to use grammar correctly it does not have validity. (Note: It is necessary to have clear learning outcomes and lesson objectives for teaching-learning and for assessment.)

# ပူးတွဲ- က
# အဓိပ္ပာယ်သတ်မှတ်ချက်များ

**ကုစားသင်ကြားခြင်း/ ဖြည့်ဆည်းသင်ကြားခြင်း (Remedial Education)** သည် ကျောင်းသား၏ အရေး၊ အဖတ်၊ အတွက် စသည့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊ အထူးသဖြင့် သင်ယူရာတွင် အခက်အခဲရှိသည့်အခါ စီစဉ်ပေးသည့် သင်ယူမှုလုပ်ငန်း ဖြစ်သည်။

**ကျွမ်းကျင်ပိုင်နိုင်မှု (Mastery)** သည် ကျောင်းသားက အချက်အလက်များကို မှတ်မိမှုအစား ကျွမ်းကျင်မှုများ တစ်ဆင့်ချင်း တိုးတက်ရရှိပြီး ၎င်းသင်ယူတတ်မြောက်မှုအပေါ် အသုံးချနိုင်မှု အတိုင်းအတာကို ဖော်ပြသည်။ ကျောင်းသားတစ်ဦးချင်းသည်

(၁) ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ ချမှတ်ထားသော သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်သည့်အခါနှင့်

(၂) မိမိ၏ အသိပညာ၊ နားလည်သဘောပေါက်မှုများနှင့် ကျွမ်းကျင်မှုများကို ပိုမိုရှုပ်ထွေးသည့် အခြေအနေများတွင် တီထွင်ဖန်တီး အသုံးချနိုင်သည့်အခါ ၎င်းသင်ယူခဲ့သည့် ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်မှုကို ပြသသည်။

**ခိုင်လုံမှု (Validity)** သည် စစ်ဆေးအကဲဖြတ်ခြင်းတစ်ခုက စစ်ဆေးတိုင်းတာရန် ရည်ရွယ်ထားသည့်အရာကို မည်မျှတိကျစွာ စစ်ဆေးတိုင်းတာနိုင်မှု ရှိသည်ကို ဆိုလိုသည်။ ဥပမာ- အင်္ဂလိပ်စာသဒ္ဒါ စစ်ဆေးခြင်း (test) တစ်ခုသည် ကျောင်းသားများ၏ ဝေါဟာရအသစ်များကို ဆီလျော်စွာ အသုံးပြုနိုင်မှုကို စစ်ဆေးမည့်အစား အင်္ဂလိပ်စာသဒ္ဒါကို မှန်ကန်စွာ အသုံးပြုနိုင်မှုကို စစ်ဆေးပါက ယင်းစစ်ဆေးခြင်းသည် ခိုင်လုံမှုရှိသည်။ ဝေါဟာရစစ်ဆေးခြင်း (test) တစ်ခုသည် ကျောင်းသားများ၏ အင်္ဂလိပ်စာသဒ္ဒါကို မှန်ကန်စွာ အသုံးပြုနိုင်မှုကို စစ်ဆေးပါက ယင်းစစ်ဆေးမှုသည် ခိုင်လုံမှုမရှိပါ။ (မှတ်ချက်- သင်ကြားသင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့အတွက် ရှင်းလင်းတိကျသော သင်ယူမှုရလဒ်များ၊ သင်ခန်းစာရည်ရွယ်ချက်များ ရှိထားရန် လိုအပ်သည်။)

**Examination** is a formal assessment of a student's knowledge and proficiency in a subject or skill. An exam focuses on assessing students' knowledge, skills and competencies gained over an entire semester or a whole year. Examinations by themselves are summative assessments but if the exam results are used to improve teaching and learning they become formative in nature.

**A Test** is a way of discovering, by questions or practical activities, what a student knows or what a student can do. A test is usually on a specific topic studied over a short period of learning. Tests principally provide information about what content a student has remembered, understood and is able to apply. Tests are by themselves summative assessment, but may be one of the tools used to improve and inform teaching and learning as part of formative assessment.

**စာမေးပွဲ (Examination)** သည် ဘာသာရပ် သို့မဟုတ် ကျွမ်းကျင်မှုတစ်ခု၌ ကျောင်းသား၏ အသိပညာနှင့် တတ်ကျွမ်းမှုကို ပုံစံတကျ စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ စာမေးပွဲသည် စာသင်ကာလ အပိုင်းအခြားတစ်ခု သို့မဟုတ် စာသင်နှစ်တစ်နှစ် ပြီးဆုံးချိန်တွင် ကျောင်းသားများ ရရှိထားသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ စစ်ဆေးအကဲဖြတ်ခြင်းကို အလေးထားသည်။ ယေဘုယျအားဖြင့် စာမေးပွဲများသည် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သော်လည်း ယင်းစာမေးပွဲရလဒ်များကို သင်ကြား-သင်ယူမှု တိုးတက်ရေးအတွက် အသုံးပြုပါက သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သွားနိုင်ပေသည်။

**စစ်ဆေးမှု/စစ်ဆေးခြင်း (Test)** သည် ကျောင်းသားက မည်သည့်အရာကို သိသည် သို့မဟုတ် မည်သည့်အရာကို လုပ်ဆောင်နိုင်သည်ကို မေးခွန်းမေးခြင်း သို့မဟုတ် လက်တွေ့လုပ်ငန်းပေးခြင်းဖြင့် ရှာဖွေသော နည်းလမ်း ဖြစ်သည်။ အများအားဖြင့် စစ်ဆေးမှုသည် အချိန်တိုအတွင်း သင်ယူထားသော သတ်မှတ်အကြောင်းအရာနှင့် သက်ဆိုင်သည်။ အဓိကအားဖြင့် စစ်ဆေးမှုများသည် ကျောင်းသားက မည်သည့်အကြောင်းအရာကို မှတ်မိသည်၊ နားလည်သည်၊ အသုံးချနိုင်သည် အစရှိသည့် သတင်းအချက်အလက်များ ပေးသည်။ ယေဘုယျအားဖြင့် စစ်ဆေးမှုများသည် သင်ယူအပြီး စစ်ဆေးခြင်းဖြစ်သော်လည်း သင်ယူစဉ်စစ်ဆေးခြင်းအစိတ်အပိုင်းအဖြစ် သင်ကြား-သင်ယူမှုကို တိုးတက်ကောင်းမွန်စေရန်နှင့် သတင်းအချက်အလက်များ ရရှိစေရန် အသုံးပြုသည့် နည်းလမ်းတစ်ခုလည်း ဖြစ်နိုင်သည်။

**Assessment** is an ongoing process for providing evidence to support decisions regarding improvements in student learning. It involves making expectations explicit and public; setting appropriate criteria and high standards for learning quality; systematically gathering, analysing, and interpreting evidence to determine how well performance matches those expectations and standards; and using the resulting information to document, explain, and improve student performance.

**Extension** is an activity that extends the learning of the lesson. Extension activities can be done in small groups or by a single student.

**Performance Indicators or Outcomes** indicate what concrete actions the student should be able to perform as a result of participation in a learning activity or course of study. They are made up of at least two main elements; action verb and content (referent). The expected behaviour must be specified by name, using an observable action verb such as demonstrate, interpret, discriminate, or define.

**စစ်ဆေးအကဲဖြတ်ခြင်း (Assessment)** သည် ကျောင်းသား၏ သင်ယူမှု တိုးတက်ခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာတွင် အကူအညီဖြစ်ရန် အထောက်အထားပေးသည့် စဉ်ဆက်မပြတ်ဖြစ်စဉ် ဖြစ်သည်။ စစ်ဆေး အကဲဖြတ်ခြင်းတွင် မျှော်လင့်ချက်များကို တိကျစေပြီး အများပြည်သူ သိရှိအောင် ဆောင်ရွက်ခြင်း၊ သင်ယူမှု အရည်အသွေးအတွက် သင့်လျော်သော စံများနှင့် မြင့်မားသောအဆင့်များ သတ်မှတ်ခြင်း၊ မျှော်လင့်ချက်များ၊ အဆင့်များနှင့် လုပ်ဆောင်မှုတို့၏ ကိုက်ညီမှု အတိုင်းအတာကို ဆုံးဖြတ်ရန် အချက်အလက်များ စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ရှင်းလင်း တင်ပြခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်မှုကို မှတ်တမ်းတင်ရန်၊ ရှင်းပြရန်နှင့် တိုးတက်စေရန်အတွက် ရလဒ်အဖြစ် ရရှိသော သတင်းအချက် အလက်များအား အသုံးပြုခြင်း စသည်တို့ ပါဝင်သည်။

**ထပ်ဆောင်းလေ့ကျင့်ခြင်း (Extension)** သည် သင်ခန်းစာကို တိုးချဲ့သင်ယူစေသည့် သင်ယူမှုလုပ်ငန်း ဖြစ်သည်။ ထပ်ဆောင်းလေ့ကျင့်မှုလုပ်ငန်းများကို ကျောင်းသားတစ်ဦးချင်း သို့မဟုတ် အုပ်စုငယ်များက ဆောင်ရွက်နိုင်သည်။

**လုပ်ဆောင်မှု အညွှန်းကိန်းများ သို့မဟုတ် ရလဒ်များ (Performance Indicators or Outcomes)** သည် သင်ယူမှုလုပ်ငန်းတစ်ခု သို့မဟုတ် သင်တန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်ခြင်း၏ ရလဒ်အဖြစ် မည်သည့်လှုပ်ရှားမှုကို လုပ်ဆောင်ပြနိုင်မည်ကို ဖော်ပြသည်။ ၎င်းတို့တွင် အနည်းဆုံး အစိတ်အပိုင်း နှစ်ခု (လှုပ်ရှားမှုကို ဖော်ပြသည့် ကြိယာနှင့် ရည်ညွှန်းအကြောင်းအရာ) ပါရှိသည်။ သရုပ်ပြ၊ အဓိပ္ပာယ်ဖွင့်ဆို၊ ခွဲခြား၊ အဓိပ္ပာယ်သတ်မှတ် စသည့် သိမြင်နိုင်သော လှုပ်ရှားမှုကို ဖော်ပြသည့် ကြိယာများကို သုံး၍ မျှော်မှန်းအပြုအမူကို တိကျစွာ ဖော်ပြသည်။

**Streaming** is a system in which students are assigned to classes according to whether their overall achievement is above average, average, or below average.

**QA of Assessment -** A process involving a third party, intended to ensure consistency and fairness in the application of assessment criteria. Assessment QA can include re–marking by another experienced examiner and re–checking of borderline cases.

**Diagnostic Assessment** provides teachers with information about students' prior knowledge and misconceptions before the beginning of a learning activity. It also provides a baseline for understanding how much learning has taken place after the learning activity is completed.

**Success Criteria** are Lesson Objectives prepared before the lesson or generated as a class. They help the children understand the steps they need to take in order to achieve their learning. They can be refined by the teacher during the instructional period, depending on student needs.

**အရည်အချင်းတူ ကျောင်းသားများအား အုပ်စုခွဲ၍ သင်ကြားပေးခြင်း (Streaming)** သည် ကျောင်းသားများ၏ တတ်မြောက်မှုသည် ယေဘုယျအားဖြင့် သာမန်အထက်၊ သာမန်၊ သာမန်အောက်တို့အနက် မည်သည့်နေရာတွင် ရှိမှုအပေါ်မူတည်၍ ၎င်းတို့အား တန်းခွဲများ သတ်မှတ်နေရာချထားသင်ကြားပေးသော စနစ်ဖြစ်သည်။

**အရည်အသွေး အာမခံသော စစ်ဆေးအကဲဖြတ်ခြင်း (QA of Assessment)** သည် စစ်ဆေးအကဲဖြတ်ခြင်း စံများကို အသုံးပြုရာတွင် ရှေ့နောက်ညီညွတ်ပြီး တရားမျှတစေရန် ရည်ရွယ်၍ (တိုက်ရိုက် ပါဝင်ပတ်သက်ခြင်း မရှိသည့်) တတိယမြောက်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကို ပါဝင်စေသော ဖြစ်စဉ်ဖြစ်သည်။ အရည်အသွေး အာမခံသော စစ်ဆေးအကဲဖြတ်ခြင်းတွင် အတွေ့အကြုံရှိသော အခြားစစ်ဆေးသူက ပြန်လည်ဆောင်ရွက်ခြင်း၊ သတ်မှတ်အရည်အသွေးပြည့်မီလုနီးပါး ဖြစ်နေသူများ (borderline cases) ကို ပြန်လည်စစ်ဆေးခြင်းတို့ ပါဝင်နိုင်သည်။

**အားနည်းချက်စစ်ဆေးအကဲဖြတ်ခြင်း (Diagnostic Assessment)** သည် သင်ယူမှု မစတင်မီ ကျောင်းသားများ၏ ယခင်ရရှိထားသော အသိပညာ၊ လွဲမှားနေသော အယူအဆများနှင့် စပ်လျဉ်း၍ ဆရာများအား သတင်းအချက်အလက်ပေးသည်။ ထို့ပြင် သင်ယူမှုလုပ်ငန်း ပြီးစီးသောအခါ သင်ယူမှု မည်မျှဖြစ်မြောက်သွားသည်ကို နားလည်စေရန်အတွက် အခြေခံ သတင်းအချက်အလက်ကို ပေးသည်။

**အောင်မြင်မှုစံများ (Success Criteria)** သည် သင်ခန်းစာ မစတင်မီ ကြိုတင်ပြင်ဆင်ထားသော သို့မဟုတ် အတန်းအလိုက်ရေးဆွဲသည့် သင်ခန်းစာ ရည်ရွယ်ချက်များ ဖြစ်သည်။ ၎င်းတို့သည် ကျောင်းသားများက သင်ယူမှုပေါက်မြောက်ရန်အတွက် လုပ်ဆောင်ရမည့် အဆင့်များကို နားလည်စေရန် အထောက်အကူပြုသည်။ ကျောင်းသားများ၏ လိုအပ်ချက်အပေါ်မူတည်၍ ဆရာက စာသင်ချိန်အတွင်း ပြင်ဆင်မွမ်းမံနိုင်သည်။
(အင်္ဂလိပ်-မြန်မာဝေါဟာရ စာရင်းကို ပူးတွဲ-ခ တွင် ကြည့်ပါ။)

# ပူးတွဲ- ခ

# ဝေါဟာရစာရင်း

| English Term | မြန်မာဝေါဟာရ |
|---|---|
| Assessment tools and instruments | စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ |
| Basic Education Curriculum Framework (BECF) | အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် |
| Capacity development | စွမ်းဆောင်ရည် မြှင့်တင်မှု |
| Classroom–Level Assessment | အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း |
| Continuous Professional Development–CPD | စဉ်ဆက်မပြတ် (ဆရာ) အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု |
| Criterion/ Criteria | စံ/ စံများ |
| Diagnostic assessment | အားနည်းချက် စစ်ဆေးအကဲဖြတ်ခြင်း |
| Early Grade Reading Assessment/Early Grade Mathematics Assessment (EGRA/ EGMA) | မူလတန်းအောက်ဆင့် ကလေးများ၏ စာဖတ်စွမ်းရည်/ သင်္ချာစွမ်းရည်ကို လေ့လာခြင်း |
| Equity | သာတူညီမျှဖြစ်မှု |
| Exam/ examination | စာမေးပွဲ |
| Extension | ထပ်ဆောင်းလေ့ကျင့်ခြင်း |
| Feedback | တုံ့ပြန် အကြံပြုချက် |
| Formative assessment | သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း |
| Four Pillars of Basic Education Student Assessment | အခြေခံပညာအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၏ ကဏ္ဍလေးရပ် |

| English Term | မြန်မာဝေါဟာရ |
| --- | --- |
| Learning logs | သင်ယူမှုမှတ်တမ်းများ |
| Lesson plans | သင်ပြမှုပုံစံ/ သင်ခန်းစာ အစီအစဉ်များ |
| National Assessment Policy for Basic Education (NAP) | အခြေခံပညာအဆင့် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒ |
| Outcome/learning outcome | ရလဒ်/ သင်ယူမှုရလဒ် |
| Peer assessment | သက်တူရွယ်တူချင်း စစ်ဆေးအကဲဖြတ်ခြင်း |
| Periodic Review | ပုံမှန်လေ့လာသုံးသပ်ခြင်း |
| Primary, Middle and High School Completion Assessment | မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း |
| Quizzes | ဉာဏ်စမ်းများ |
| Remedial education | ကုစားသင်ကြားခြင်း/ ဖြည့်ဆည်း သင်ကြားခြင်း |
| Sample-based learning assessments | နမူနာအခြေပြု သင်ယူမှု စစ်ဆေး အကဲဖြတ်ခြင်းများ |
| School-based assessment | ကျောင်းအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း |
| Self-assessment | မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း၊ မိမိ၏ လုပ်ဆောင်မှုကို မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်း |

| | |
|---|---|
| **Soft skills–**<br>Critical thinking,<br>Reasoning and Problem Solving,<br>Collaboration/Group Work,<br>Communication/Interpersonal SKills,<br>Creativity and Innovation,<br>Citizenship and Sustainable Development | **ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ–**<br>လေးနက်စွာ တွေးခေါ်ခြင်း၊<br>ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊<br>ပူးပေါင်းဆောင်ရွက်ခြင်း/<br>အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊<br>ဆက်သွယ်ပြောဆိုခြင်း/<br>လူလူချင်းဆက်ဆံခြင်း၊<br>အသစ်ဖန်တီးနိုင်စွမ်းရှိခြင်းနှင့်<br>ဆန်းသစ်တီထွင်ခြင်း၊<br>နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိခြင်းနှင့်<br>ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု |
| Southeast Asia Primary Learning Metrics (SEA–PLM) | အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ |
| Stakeholders | ပါဝင်ပတ်သက်သူများ |
| Success criteria | အောင်မြင်မှုစံများ |
| Summative assessment | သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း |
| Test | စစ်ဆေးခြင်း/ စစ်ဆေးမှု |
| Think – pair – share | တွေး–တွဲ–မျှဝေ |

**အခြေခံပညာအဆင့် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (NAP)** ပြုစုရာတွင် အောက်ပါ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ပညာရှင်များမှ ပါဝင်ကူညီခဲ့ကြပါသည်။

The following development partners and their experts contributed to the development of **NAP**

ADB · CREATE (Curriculum Reform and Teacher Education) · EU · JICA · UKaid · UNESCO · unicef

www.myanmarexam.org